မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်၊ ၂၀၁၀ခုနှစ်၊ ဖေဖော်ဝါရီ ၆ ရက်၊ စနေနေ့၊ အတွဲ(၄၉)၊ အမှတ်(၁၂၉)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်
- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်
- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်
- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အခြေခံအကျဆုံး လိုအပ်ချက်

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အခြေခံအကျဆုံး လိုအပ်ချက်သည် ပြည်ထောင်စုစိတ်ဓာတ်ပင် ဖြစ်သည်။ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ၊ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် မွေးမြူသွားကြရန် အလွန်အရေးကြီးပေသည်။ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်ကို အလေးအနက် ခံယူရန် လိုအပ်ပေသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာမှ-

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ နိုင်ဂျီးရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော နိုင်ဂျီးရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် မစ္စတာ အူမာရူ အဖိုးရက်စ် ဆူလေမန်သည် ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ○

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော နိုင်ဂျီးရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် မစ္စတာ အူမာရူ အဖိုးရက်စ် ဆူလေမန် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကိုပေးအပ်စဉ်။ (သတင်းစဉ်)

တိမ် အသင့်အတင့်

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပိုလန်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် ဒေါက်တာ ဂျာဇီ ဘေရာ နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပိုလန်သမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပိုလန်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် ဒေါက်တာ ဂျာဇီ ဘေရာသည် ယနေ့နံနက် ၁၀နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၆ရက်)

ရုပ်ရှင်အနုပညာစွမ်းပကားဖြင့် နိုင်ငံနှင့်ပြည်သူအကျိုးပြု

ရုပ်ရှင်အနုပညာသည် ဖျော်ဖြေရေးအတွက်သာမက ပြည်သူများကိုအသိပညာပေးမှုလည်း ပါဝင်သည်။ အထူးသဖြင့် လူငယ်များ၏ စိတ်ပိုင်းဆိုင်ရာ မြှင့်တင်ပေးနိုင်မှု၊ ပြောင်းလဲပေးနိုင်မှုနှင့် စိတ်ဓာတ်ခွန်အားမြင့်မားလာစေရန်လည်း ရုပ်ရှင်က ဖြည့်ဆည်းစွမ်းဆောင်ပေးနိုင်သည်။

မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်ကပင် ရုပ်ရှင်၏အခန်းကဏ္ဍကို နိုင်ငံတော်က ဖြည့်ဆည်းမြှင့်တင်ပေးခဲ့သည်။ ပြည်သူများ၏ ပြုမူနေထိုင်မှုအပေါ် အကျိုးသက်ရောက်မှုပေးနိုင်ခဲ့သည့် မြန်မာ့ရုပ်ရှင်လောကအပေါ် နိုင်ငံတော်က နှစ်စဉ် ရုပ်ရှင်ထူးချွန်ဆုများ ရွေးချယ်ချီးမြှင့်ခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။

နိုင်ငံတော်၏အကျိုး၊ ပြည်သူတို့၏ အကျိုးအပြင် ပြည်သူတစ်ဦးချင်း၏ အသိစိတ်ဓာတ်မြင့်မားလာစေရန်၊ မှန်ကန်သောခံယူချက်နှင့် ယုံကြည်ချက်တို့ ခိုင်မာစွဲမြဲစေရန် စသည့် မွန်မြတ်ကောင်းမွန်သည့် ရည်ရွယ်ချက်များဖြင့် ရိုက်ကူးတင်ဆက်ပြသသော ရုပ်ရှင်ဇာတ်ကား၊ ပါဝင်သရုပ်ဆောင်ကြသူအနုပညာရှင်များနှင့် အတတ်ပညာရှင်များအား စိစစ်ရွေးချယ်ကာ ရုပ်ရှင်ထူးချွန်ဆုများကို နှစ်စဉ်ချီးမြှင့်ပေးအပ်ခဲ့သည်။

၂၀၀၈ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရွေးချယ်ချီးမြှင့်ပွဲအခမ်းအနားကို နေပြည်တော် မြို့တော်ခန်းမဝင်းအတွင်းရှိ လဟာပြင်ကဇာတ်ရုံ၌ ဖေဖော်ဝါရီ ၆ရက်(ယနေ့)တွင် ကျင်းပတော့မည်ဖြစ်သည်။ တစ်နှစ်တာကာလအတွင်း ရိုက်ကူးခဲ့သော ရုပ်ရှင်ဇာတ်ကားများ၊ ပါဝင်သရုပ်ဆောင်ခဲ့ကြသူ ရုပ်ရှင်အနုပညာရှင်များနှင့် အတတ်ပညာရှင်များအနက်မှ ရွေးချယ်ကာ ထူးချွန်ဆုများ ချီးမြှင့်ပေးအပ်မည်ဖြစ်သည်။

မြန်မာ့ရုပ်ရှင်နှင့် ရုပ်ရှင်လောကသားများအား ထိုက်ထိုက်တန်တန် ထူးချွန်ဆုများ နှစ်စဉ်ရွေးချယ်ချီးမြှင့်သကဲ့သို့ ရုပ်ရှင်ထုတ်လုပ်သူနှင့် အနုပညာရှင်များကလည်း နိုင်ငံနှင့် တိုင်းရင်းသားပြည်သူများအတွက် အကျိုးပြုစေမည့် ရုပ်ရှင်ဇာတ်ကားများပေါ်ထွက်လာစေရန် မိမိတို့ကျရာကဏ္ဍမှ အနုပညာစွမ်းပကားဖြင့် ကြိုးပမ်းစွမ်းဆောင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၆-၂-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
- ၇း၄၅ ၇။ **မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ မြဝတီအဖွင့်
- ၁၁း၀၅ ၂။ အဖွင့်သီချင်း
- ၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁း၂၅ ၄။ ကာတွန်းအစီအစဉ် **လပြည့်ညရဲ့ စိန်ခေါ်သံ** (အပိုင်း-၂၁)
- ၁၂း၀၀ ၅။ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် **နှစ်ကိုယ်တူ လွဲသမျှ** လွင်မိုး၊ ခိုင်သင်းကြည် (ဒါရိုက်တာ-မောင်သီ)
- ၁၃း၃၀ ၆။ ကျန်းမာသုတ
- ၁၄း၀၀ ၇။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်** (အပိုင်း-၆)

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ချစ်သူစုံတွဲ တူယှဉ်နွဲ
- ၄း၂၀ ၄။ မြန်မာသံစဉ် ချိုနားဝင်
- ၄း၃၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၃၅ ၆။ အမျိုးသားရေးတေးကဗျာ
- ၅း၀၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၄၀ ၈။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၁။ လျှပ်တစ်ပြက်
- ၆း၃၀ ၁၂။ **စားဖိုဆောင်ချစ်သူ**
- ၆း၄၅ ၁၃။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
- ၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားမှတ်တမ်း**(အပိုင်း-၁၅)
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ နိုင်ငံတကာသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ အင်္ဂလိပ်စာသုတ
- ၂၀။ လူရွှင်တော်စတား
- ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း** (အပိုင်း-၁၈)

ကြည့်ရှုအားပေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ကျင်းပသည့် အိမ်ရာအဆောက်အအုံပြပွဲ -၂၀၁၀ ဖွင့်ပွဲတွင် ပြခန်းများအတွင်း ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အိမ်ရာအဆောက်အအုံပြပွဲ -၂၀၁၀ဖွင့်ပွဲ တက်ရောက်အားပေးချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက် ၇နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ကျင်းပသည့် အိမ်ရာအဆောက်အအုံပြပွဲ-၂၀၁၀ (Housing & Building-2010) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေး ချီးမြှင့်သည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို တပ်မတော်ခန်းမ အဆောက်အအုံရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်နှင့် တာဝန်ရှိသူတစ်ဦးတို့က ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ပြသရောင်းချ

အဆိုပါပြပွဲကို ဖေဖော်ဝါရီ ၅ ရက်မှ ၈ ရက်အထိ နံနက် ၉နာရီမှ ညနေ ၆နာရီအတွင်း ပြည်သူများအား ဖွင့်လှစ်ပြသထားမည်ဖြစ်ပြီး အိမ်ရာအဆောက်အအုံဆိုင်ရာ အိမ်တွင်းအလှဆင်ပစ္စည်းအမျိုးမျိုး၊ ခေတ်မီပရိဘောဂပစ္စည်းအမျိုးမျိုး၊ အိမ်တွင်းသုံး ခေတ်မီအီလက်ထရွန်နစ် ပစ္စည်းအမျိုးမျိုးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ပစ္စည်းအမျိုးမျိုးတို့ကို ပြသရောင်းချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်းများ

ပါကစ္စတန်နိုင်ငံနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်မည် အိန္ဒိယထိပ်တန်းအရာရှိတစ်ဦး ထုတ်ဖော်ပြောကြား

နယူးဒေလီ ဖေဖော်ဝါရီ ၅

ပါကစ္စတန်နိုင်ငံနှင့် ဆွေးနွေးမှုများပြုလုပ်ရန် အိန္ဒိယနိုင်ငံက ပြောကြားထားသည်ဟု အိန္ဒိယထိပ်တန်းအရာရှိတစ်ဦးက ဖေဖော်ဝါရီ ၄ရက်၌ ထုတ်ဖော်ပြောကြားသည်။

ဆော်သြ

လွန်ခဲ့သည့် ၂၀၀၈ခုနှစ်က မွမ်ဘိုင်းမြို့တွင် အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် နှစ်နိုင်ငံဆက်ဆံရေး တင်းမာခဲ့ရာမှ ပြန်လည်ကောင်းမွန်လာစေသည့် ဆောင်ရွက်မှုတစ်ရပ်အဖြစ် ယခုကဲ့သို့ နှစ်နိုင်ငံဆွေးနွေးမှုပြုလုပ်ရန် ဆော်သြခြင်းပင်ဖြစ်သည်။

ပွင့်လင်း

မိမိတို့အနေဖြင့် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးရန် ပြောဆိုခြင်းမှာ အကောင်းဘက်ကို ဦးတည်သည့် ပွင့်လင်းသည့် စိတ်အရင်းခံနှင့် ဆော်သြခြင်းဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ယခုဆွေးနွေးမည့်ကိစ္စမှာ အလွန်နူးညံ့သိမ်မွေ့ပြီး အတိမ်းအစောင်းမခံသည့် ဆွေးနွေးမှုဖြစ်ကြောင်း အိန္ဒိယထိပ်တန်းအရာရှိက ဆက်လက်ပြောကြားသည်။

အိန္ဒိယနှင့် ပါကစ္စတန်နှစ်နိုင်ငံတို့မှ ထိပ်တန်းသံတမန်များအဆင့် ဆွေးနွေးပွဲကို မကြာမီအချိန်အတွင်း ကျင်းပနိုင်ရန်လည်း စီစဉ်လျက်ရှိသည်။ အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးက ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးကို အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ လာရောက်ရန် ဖိတ်ကြားထားသည်။

ကြိုဆို

နှစ်နိုင်ငံကိုယ်စားလှယ်များ ဆွေးနွေးပွဲကို ယခုဖေဖော်ဝါရီလကုန်၌ ပြုလုပ်နိုင်မည်ဟုလည်း ၄င်းက ဆက်လက်ပြောကြားသည်။ ပါကစ္စတန်နိုင်ငံကလည်း အိန္ဒိယနိုင်ငံ၏ ဆွေးနွေးရန် ဖိတ်ခေါ်မှုကို ကြိုဆိုကြောင်း သတင်းထုတ်ပြန်ထားသည်။

အမ်အင်န်အေ၊ ရိုက်တာ

ဂျီ-၂၀ထိပ်သီး ဆိုးလ်မြို့တော်၌ ကျင်းပမည်

ဆိုးလ် ဖေဖော်ဝါရီ ၅

ကမ္ဘာ့စီးပွားရေး အင်အားကြီး ထိပ်သီးအစည်းအဝေး (ဂျီ-၂၀)ကို လာမည့် နိုဝင်ဘာ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ဆိုးလ်မြို့တော်၌ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံက ဖေဖော်ဝါရီ ၅ရက်၌ ကြေညာသည်။

ပြောကြား

အဆိုပါ ဂျီ-၂၀ထိပ်သီးအစည်းအဝေးကို ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့၌ အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့(အေပက်) ဖိုရမ်ကို နိုဝင်ဘာ ၁၃ရက်နှင့် ၁၄ရက်တို့တွင် မပြုလုပ်မီ ကျင်းပခြင်းဖြစ်ကြောင်း ဂျီ-၂၀ ထိပ်သီးအစည်းအဝေး ကျင်းပရေး ကော်မတီဥက္ကဋ္ဌက ပြောကြားသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

ရုရှားမှ ရေနံနှင့် သဘာဝဓာတ်ငွေ့များ တရုတ်ပို့မိုတင်သွင်းမည်

မော်စကို ဖေဖော်ဝါရီ ၅

တရုတ်နိုင်ငံသည် ရုရှားနိုင်ငံမှ စွမ်းအင်တင်သွင်းမှုများ ပိုမိုပြုလုပ်သွားမည်ဖြစ်ကြောင်း၊ စွမ်းအင်ဆိုင်ရာမိတ်ဖက်နိုင်ငံဖြစ်သည့် ရုရှားနိုင်ငံနှင့် စွမ်းအင်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူခွင့်ပြုချက်အရ ဖြစ်ကြောင်း ရုရှားနိုင်ငံမှ စွမ်းအင်အရာရှိတစ်ဦးက ဖေဖော်ဝါရီ ၅ရက်တွင် ပြောကြားသည်။

ဆောင်ရွက်

ရုရှားနှင့် တရုတ်နှစ်နိုင်ငံတို့သည် စွမ်းအင်ကဏ္ဍတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ထားကြကြောင်း၊ သဘာဝဓာတ်ငွေ့နှင့်ရေနံ တူးဖော်ရေးစီမံကိန်းများတွင် ပူးတွဲဆောင်ရွက်လျက်ရှိကြောင်း ရုရှားမှစွမ်းအင်ဆိုင်ရာအရာရှိ တာတီရာနာမီထရိဗာက ဆက်လက်ပြောကြားသည်။

တင်ပို့

ရုရှားနိုင်ငံအနေဖြင့် ထွက်ရှိသော ရေနံနှင့်သဘာဝဓာတ်ငွေ့များကို ဥရောပဈေးကွက်ကဲ့သို့ အာရှဈေးကွက်အပြင် အခြားဈေးကွက်များသို့လည်း ကျယ်ပြန့်စွာ တင်ပို့နိုင်သည့် အခွင့်အလမ်း ရရှိစေမည်ဖြစ်သည်။

သဘောတူ

တရုတ်နိုင်ငံသည် ရုရှားနိုင်ငံမှ ရေနံနှင့်သဘာဝဓာတ်ငွေ့များကို နှစ် ၂၀ ကာလအတွက် အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံဖိုးတင်သွင်းရန် သဘောတူညီထားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

❍ ရှေ့ဖုံးမှ

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ဂျီးရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ အူမာရူ အဒိုးရက်စ် ဆူလေမန်အား နေပြည်တော်ရှိ ဇေယျာသီရိ ဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

■ ရှေ့ဖုံးမှ

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပိုလန်သမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာ ဂျာဇီ ဘေရာအား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၂-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၅း၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+အင်္ဂလိပ်ဘာသာသုတ် ဖော်ရွှဂ်သုတ်၊ ပုဗ္ဗဏှသုတ်
၅း၁၅ MRTV-4 သတင်း
၆း၀၀ **ဘဝထဲက ပဋ္ဌာန်း၊ ပဋ္ဌာန်းထဲကဘဝ** တရားတော် (တတိယပိုင်း) (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
၇း၀၀ MRTV-4 သတင်း
၇း၄၅ ပန်းချီပြခန်း (The Art Gate)
၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၃)
၈း၃၀ Sports World (Trial)
၈း၅၅ Activities in the City (ရန်ကုန်တိုင်းကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် လှူဒါန်းပွဲ အခမ်းအနား) (Housing & Building 2010မှ TMW Enterprise Ltd. ၏ ခင်းကျင်းပြသမှုများ)
၉း၁၅ **အမေ့ကျေးဇူးဆပ်ဖူးချင်တယ်** ရုပ်ရှင်ကားကြီး ကန်တော့ပွဲ အခမ်းအနား
၉း၃၅ Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀း၃၅ ကမ်းခြေအလှငွေဆောင်မှ ကမ်းလင့်လို့ကြို
၁၁း၀၀ ပင်လယ်ပြင်ကို သက်သေတည် ငွေကြယ်ပွင့်များ အားမာန်ချီ
၁၁း၃၅ သွားမယ်စားမယ် (CAFE' de ANGEL)
၁၂း၀၅ အနာကြီးရောဂါကင်းဝေးရေး ဆောင်ရွက်ချက်များ (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာကျော်မြင့်)
၁၂း၃၀ ဖျာပုံမြို့ဂုဏ်ဆောင် မင်းကျောင်းတော်
၁း၀၀ **ဘဝထဲက ပဋ္ဌာန်း၊ ပဋ္ဌာန်းထဲကဘဝ** တရားတော် (တတိယပိုင်း) (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
၂း၀၀ MRTV-4 သတင်း
၂း၄၅ Fashion Music Festival အသည်းကွဲကမ်းခြေ
၃း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၃)
၄း၀၅ ပင်လယ်ပြင်ကို သက်သေတည် ငွေကြယ်ပွင့်များ အားမာန်ချီ
၄း၄၀ သူတို့ငါးယောက်ရှိရာ သရေခေတ္တရာ
၅း၀၅ Activities in the City (ရန်ကုန်တိုင်းကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် လှူဒါန်းပွဲ အခမ်းအနား) (Housing & Building 2010 မှ TMW Enterprise Ltd. ၏ ခင်းကျင်းပြသမှုများ)
၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀ MRTV-4 သတင်း
၆း၂၀ နုပျိုလန်းဆန်း ကျန်းမာဖို့ SG 2000 Ultrasonic Bubble Massage Bath
၆း၅၀ လေလှိုင်းမှ ဖြေကြားပရိသတ်များ အမေးစကား
၇း၀၀ Fashion Music Festival အသည်းကွဲကမ်းခြေ
၇း၄၀ Shooting Making (နွေဦးလေပြေ ဇာတ်ကားရိုက်ကွင်း)
၈း၀၀ MRTV-4 သတင်း
၈း၄၀ အင်တာနက်လမ်းညွှန် (Website အညွှန်း)(အပိုင်း-၃)
၈း၅၅ သွားမယ်စားမယ် (CAFE' de ANGEL)
၉း၂၅ Barclays Premier League (Hull City Vs Man City)
၁၁း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၃)
၁၁း၅၅ Barclays Premier League (Tottenham Vs Aston Villa)
၁း၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier Laegue ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်များ	ပြသမည့်လိုင်း
၇း၁၀	Liverpool - Everton	ESPN(Live)
၉း၂၅	Man U - Portsmouth	ESPN(Live)
	Hull City - Man City	STAR SPORTS (Live)
၁၁း၃၀	Stoke City - Blackburn	STAR SPORTS (SDD)
၁၁း၅၅	Tottenham - Aston Villa	ESPN(Live)

မျိုးဆက်သစ်လူငယ် ဒိုင်လူကြီးသင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၅

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က မြန်မာ့ဘောလုံး ဖွံ့ဖြိုးတိုးတက်စေရေးကို အထောက်အကူပြုစေမည့် နိုင်ငံတကာအဆင့်မီ မျိုးဆက်သစ်ဒိုင်လူကြီးကောင်းများ ပေါ်ထွက်လာစေရေးကိုရည်ရွယ်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရုံးတွင် ဖေဖော်ဝါရီ ၂၀ရက်မှ ၂၇ရက်အထိ မျိုးဆက်သစ်လူငယ် ဒိုင်လူကြီးသင်တန်းဖွင့်လှစ်မည်ဖြစ်သည်။

လျှောက်ထားနိုင်

အဆိုပါ မျိုးဆက်သစ်လူငယ် ဒိုင်လူကြီးသင်တန်းသို့ တက်ရောက်လိုသူများအနေဖြင့် အသက် ၁၈နှစ်မှ ၂၅နှစ်အတွင်း ရှိရမည်ဖြစ်ပြီး ကျန်းမာကြံ့ခိုင်၍ ပါဝါမျက်မှန် မတပ်သူဖြစ်ရမည်။ အနည်းဆုံးတက္ကသိုလ်ဝင်တန်းအောင်ပြီးသူဖြစ်ပြီး အင်္ဂလိပ်စာ (အရေး၊ အဖတ်) အခြေခံကျွမ်းကျင်ရန် လိုအပ်သော်လည်း မြို့နယ်အဆင့်လက်ရွေးစင် ဘောလုံးသမားဖြစ်ပါက ပညာအရည်အချင်းကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူများသည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒိုင်လူကြီးဌာန ဖုန်း-၅၇၂၇၉၄သို့ ဖေဖော်ဝါရီ ၁၃ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း လျှောက်ထားနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

လျှပ်စစ်သုံးလျှင် သတိယှဉ်
ဝန်အားမမျှ မသုံးရ

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ချင်းပြည်နယ် ဖလမ်းမြို့၌ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ချင်းပြည်နယ်တွင် ဝမ်းစာဖူလုံရေး လှေကားထစ်လယ်ယာစိုက်ပျိုးရေး ပြောင်းလဲစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် လက်ဖက်ကိုအဓိကထားပြီး နှစ်ရှည်သီးနှံများပါစိုက်ပျိုး

နယ်မြေဒေသများ ဖွံ့ဖြိုးတိုးတက်ရန် လမ်းပန်းဆက်သွယ်ရေးကို ဆောင်ရွက်ပေးခဲ့ လူမှုစီးပွားဘဝ တိုးတက်ရေး လူတိုင်းအလုပ်ကို ဝီရိယထား ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၅

ချင်းပြည်နယ် ဟားခါးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ချင်းပြည်နယ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၃ရက် နံနက် ၉နာရီခွဲတွင် ဟားခါးမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ နံနက် ၉နာရီ မိနစ် ၅၀တွင် ဖလမ်းမြို့သို့ ရောက်ရှိပြီး ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ပေးအပ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဖလမ်းမြို့ သူနာပြုသင်တန်းကျောင်း သဇင်ဆောင်၌ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားပြီး မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအတွက် အဝတ်အထည်၊ ကျောင်းဝတ်စုံနှင့် စာအုပ်များ၊ အားကစားပစ္စည်းများကို ပေးအပ်သည်။

ထိုမှတစ်ဆင့် သူနာပြုသင်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝေဝေဦးနှင့် ဆရာမများ၊ သင်တန်းသူများက ကြိုဆိုကြသည်။

ဖြည့်ဆည်းမှာကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သရုပ်ပြခန်း၊ ကွန်ပျူတာခန်း၊ သင်ထောက်ကူခန်းနှင့် စာသင်ခန်းများအတွင်း ပညာသင်ကြားနေကြသည့် သင်တန်းသူများအား အားပေးစကားပြောကြားကြပြီး လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဖလမ်းမြို့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ဆက်လက်၍ ဖလမ်းမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်က ဆရာဝန် ဆရာမများအား ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် အခြေအနေများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းပြီး လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားကာ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြိုဆိုနှုတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖလမ်းမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြပြီး မွန်းလွဲ ၁၂နာရီ ၄၅မိနစ်တွင် ရိဒ်ခေါဒါရ်မြို့ နယ်စပ်ကုန်သွယ်ရေးစခန်းသို့ ရောက်ရှိကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရိဒ်ခေါဒါရ်မြို့နယ် ဟိုင်မွာလ်ရွာသစ်၌ ဖွင့်လှစ်ထားသည့် ရိဒ်ခေါဒါရ် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ရိဒ်ခေါဒါရ်မြို့နယ် ဥက္ကဋ္ဌ ဦးဂိုဆွင်းခိုင်က မြို့နယ်ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ၊ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်မှုများကိုလည်းကောင်း၊ နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းက ရိဒ်ခေါဒါရ် နယ်စပ်ကုန်သွယ်ရေးစခန်း၏ နှစ်အလိုက် ပို့ကုန်သွင်းကုန်ပစ္စည်းများ ဝန်ဆောင်မှုပေးနိုင်မှုနှင့် ကုန်သွယ်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

အောင်မြင်အောင်ဆောင်ရွက်

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကုန်သွယ်မှုတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး၊ ဝန်ထမ်းများ အချင်းချင်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်ရေး၊ မိမိတို့အား ပေးအပ်ထားသော ရည်မှန်းချက်တာဝန်များကို ရိုးသားကြိုးစားစွာ အောင်မြင်အောင် ဆောင်ရွက်ကြရေး မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအတွက် အဝတ်အထည်၊ ကျောင်းဝတ်စုံနှင့် စာအုပ်များ၊ အားကစားပစ္စည်းများကို တာဝန်ရှိသူများထံ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရိဒ်ခေါဒါရ် နယ်စပ်ကုန်သွယ်ရေးစခန်းမှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ မွန်းလွဲ ၂နာရီ ၂၅မိနစ်တွင် တွန်းဖ်မြို့သို့ ရောက်ရှိကြပြီး နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီး ဟန်ဝင်းအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တွန်းဖ်မြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာကျင်းဆွမ်းလွန်းနှင့် ဆရာဝန် ဆရာမများက ကြိုဆိုကြသည်။

မှာကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆေးရုံအုပ်ကြီးနှင့် ဆရာဝန် ဆရာမများအား တွေ့ဆုံ၍ ဆေးရုံသို့ ရောက်ရှိလာသော လူနာများအား ကုသမှုပေးသည့်အပြင် ကျေးလက်များအထိ ကွင်းဆင်း၍ ကျန်းမာရေး အသိပညာပေးခြင်း၊ ရောဂါကြိုတင်ကာကွယ်ရေး နည်းလမ်းများ သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကလေးလူနာဆောင်၌ တက်ရောက်၍ ဆေးဝါးကုသမှု ခံယူနေကြသော ကလေးငယ်များအား ကြည့်ရှုအားပေး၍ စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တွန်းဖ်မြို့၌ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ယင်းနောက် ခွဲစိတ်ခန်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တွန်းဖ်မြို့၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြို့နယ်ခန်းမ၌ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးမှာကြားပြီး မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအတွက် အဝတ်အထည်များ၊ ဆေးဝါးပစ္စည်းများ၊ ကျောင်းဝတ်စုံများ၊ စာအုပ်များနှင့် အားကစားပစ္စည်းများကို ပေးအပ်ကာ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ညနေ ၃နာရီ ၄၅မိနစ်တွင် တွန်းဖ်မြို့မှ တီးတိန်မြို့သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြရာ နယ်မြေခံတပ်မှ ဗိုလ်မှူးချုပ်အောင်စန်းချစ်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၄ရက် နံနက် ၇နာရီ ၄၅မိနစ်တွင် တီးတိန်မြို့ ကမ်ဟောက်ခန်းမ၌ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

စမ်းသပ်စိုက်ပျိုး

ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက စိုက်ပျိုးမြေများ ဖော်ထုတ်ဆောင်ရွက်ရမည့် နည်းလမ်းများ၊ စိုက်ပျိုးရေရရှိရေးဆောင်ရွက်ပေးမှု၊ ဒေသလက်ဖက်ပင်၏ မျိုးစေ့နှင့် သားတက်မှ ပျိုးပင်ရရှိနိုင်မှု၊ ပိုးစာပင်များ ဖြစ်ထွန်းနိုင်သဖြင့် စမ်းသပ်စိုက်ပျိုးရန်နှင့် ကူညီပံ့ပိုးပေးမည့် အခြေအနေ၊ ထောပတ်သီးကို ပို့ကုန်အဖြစ် တင်ပို့နိုင်ပြီဖြစ်၍ နှစ်ရှည်သီးနှံပင်အဖြစ် စိုက်ပျိုးရန်တို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

ကလိမ်စေ့ငြမ်းဆင် အလိမ်တကာ့ဘုရင်တို့၏ မိုးလုံးပြည့် မုသာဝါဒများ (၃)

သဲတစ်ပွင့်

တကယ်တော့ နိုင်ငံတစ်နိုင်ငံအတွက် ဒီလိုအရေးကြီးတဲ့၊ အန္တရာယ်ကြီးတဲ့ သတင်းမျိုးကို ထုတ်လွှင့်တော့မယ်ဆိုရင် မီဒီယာကျင့်ဝတ်အရ သတင်းမှန်ကန်မှု ရှိ/ မရှိ၊ သတင်းအခြေအမြစ် ရှိ/မရှိ၊ သတင်းအကျိုးအကြောင်း ဆီလျော်မှု ရှိ/မရှိဆိုတာကို သာမန်သတင်းများထက် ပိုမိုအလေးထားစိစစ်ပြီး မှန်ကန်တိကျခိုင်လုံမှသာ ထုတ်လွှင့်သင့်တယ်လို့ ကျွန်တော်တွေးမိတာပါပဲ။ ဒါပေမယ့် အခုလို စိစစ်အတည်ပြုခြင်း အလျှင်းမရှိဘဲ အဖျက်သမားတွေရဲ့ မဟုတ်မမှန် လုပ်ကြံသတင်းကို ခပ်တည်တည် လွှင့်ထုတ်သွားတာကတော့ ကမ္ဘာကျော် သတင်းဌာနတစ်ခုအနေနဲ့ မလုပ်သင့်မလုပ်ထိုက်တဲ့ အလုပ်ကို အာဃာတတရားရှေ့တန်းတင်ပြီး လုပ်သွားခြင်းသာဖြစ်တယ်လို့ ကျွန်တော်သုံးသပ်ရှုမြင်မိပါတယ်။

သူတို့က အဲဒီလိုတွေ ကျင့်ဝတ်သိက္ခာမရှိဘဲ ထုတ်လွှင့်လိုက်တဲ့အတွက် ကျွန်တော်တို့ ပြည်သူတွေအကြားမှာ နိုင်ငံတော်အကြီးအကဲအတွက် ပူပန်မိသလို နိုင်ငံရဲ့ အနာဂတ်အတွက်လည်း စိုးရိမ်ကြောင့်ကြမိခဲ့ကြရတာ အမှန်ပါပဲ။ အဲဒီထုတ်လွှင့်ချက်တွေနဲ့အပြိုင် ပြည်တွင်းမှာရှိတဲ့ ပုဆိန်ရိုးများက စက္ကန့်မိနစ်မဆိုင်းဘဲ ချက်ချင်းလက်ဆင့်ကမ်း ဝါဒဖြန့် အကျိုးဆောင်ပေးကြပြန်တော့ အားလုံးရုတ်ရုတ်သဲသဲနဲ့ လှုပ်လှုပ်ရှားရှားဖြစ်ခဲ့ကြရတာ မဆန်းပါဘူး။ ဆန်းတာက အဲဒီလံကြုပ်သတင်းတွေကြောင့် ရွှေဈေးတက်၊ ဆန်ဈေး၊ ဆီဈေးတက်ဖြစ်ပြီး အားလုံးဒုက္ခရောက်ကြရတာ ကိုယ်တွေ့ပါပဲ။ သုံးလေးရက်ကြာသွားလို့ ဒီလံကြုပ်သတင်းဟာ အမှန်မဟုတ်ကြောင်း အားလုံးရှင်းရှင်းလင်းလင်းသိပြီး တည်ငြိမ်သွားတဲ့အချိန်မှာ တက်ပြီးသား ရွှေဈေး၊ ဆန်ဈေး၊ ဆီဈေးတွေက ပြန်မကျတော့ဘဲ ရောက်တဲ့နေရာမှာပဲ ခပ်တည်တည်နဲ့ စံပယ်တော်မူနေပါတော့တယ်။ အဲဒီလို အများပြည်သူရုတ်ရုတ်သဲသဲနဲ့ ဒုက္ခရောက်ရပြီဆိုလေတိုင်း ပြည်တွင်း ပုဆိန်ရိုးတွေနဲ့ ပြည်ပ အဖျက်သမားတွေက ဝမ်းသာအားရ အရသာခံရှုစားရင်း ပြုံးနေကြမှာ အသေအချာပေါ့လို့ ကျွန်တော်တော့ အခါခါတွေးမိ၊ မြင်မိတာပါပဲ။

ဆက်လက်ပြီး လတ်တလော BBC, VOA, DVB တို့ရဲ့ လီဆယ်လုပ်ကြံ သတင်းတစ်ပုဒ်အကြောင်း ပြောပြချင်ပါသေးတယ်။ ဇန်နဝါရီလ ၂၃ ရက်နေ့ VOA သတင်းမှာ မြန်မာနိုင်ငံမှာ အသက်မပြည့်တဲ့ ကလေးငယ်တွေကို စစ်သားအဖြစ် စုဆောင်းမှုများ ရှိနေဆဲဖြစ်ကြောင်း၊ မကြာသေးခင်က ပဲခူးမြို့ အထက(၃)မှ အသက် ၁၆ နှစ်အရွယ် ၁၀ တန်းကျောင်းသား မောင်ဝေဦးချိုကို တပ်သားသစ်အဖြစ် စုဆောင်းခေါ်ယူသွားတဲ့အတွက် သက်ဆိုင်ရာမိသားစုက ရန်ကုန်အခြေစိုက် ILO ရုံးကို တိုင်ကြားဖို့ ဆောင်ရွက်နေကြောင်း ခပ်တည်တည်နဲ့ ထုတ်လွှင့်သွားခဲ့ပါတယ်။ ဒါ့အပြင် DVB နဲ့ BBC တို့ကလည်း ပဲခူးမြို့လယ်ကောင်မှာ ကလေးစစ်သား စုဆောင်းနေကြောင်း၊ ပဲခူးမြို့က မောင်ဝေဦးချိုဟာ အခုလ ၁၄ရက်နေ့က ကျောင်းကအပြန် ပျောက်ဆုံးသွားပြီး စစ်သားအဖြစ် အဓမ္မဆွဲသွင်းခံနေရတယ်လို့ အမေဖြစ်သူ ဒေါ်နွယ်နွယ်က ပြောကြောင်း၊ ဘယ်ရောက်နေမှန်းမသိသလို စာမေးပွဲနီးတဲ့အတွက် စိုးရိမ်နေကြကြောင်း ရုပ်သံနဲ့ လေလှိုင်းများပေါ်ကနေ မဟုတ်မမှန် သတင်းများ ထုတ်လွှင့်ပြသခဲ့တယ်လို့လည်း သိရပါတယ်။

ဒီသတင်းနဲ့ပတ်သက်ပြီး အဖြစ်မှန်ကို ဖော်ထုတ်ပြသနိုင်ဖို့ သက်ဆိုင်ရာ တာဝန်ရှိသူတွေ၊ ကာယကံရှင်တွေနဲ့ စာနယ်ဇင်းသမားအချို့ ပဲခူးမြို့မှာ တွေ့ဆုံပြီး ရှင်းလင်းပွဲတစ်ခု ပြုလုပ်ခဲ့ကြောင်း ဆက်လက်ကြားသိခဲ့ရပြန်ပါတယ်။ အဲဒီရှင်းလင်းပွဲမှာ ကာယကံရှင်တွေကိုယ်တိုင် အဖြစ်မှန်ကို ရှင်းပြခဲ့ကြတယ်လို့ ဆိုပါတယ်။ အဲဒီသတင်းစာရှင်းလင်းပွဲကို ကိုယ်တိုင်တက်ရောက်ခဲ့ကြသူတွေကတစ်ဆင့် အဖြစ်မှန်ကို ကြားသိလိုက်ရတဲ့အချိန်မှာတော့ ပုဆိန်ရိုးတွေနဲ့ အနောက်မီဒီယာတွေပေါင်းပြီး ILO ရဲ့ အမှုဆောင်ညွှန်ကြားရေးမှူး ကျွန်တော်တို့နိုင်ငံကို လာရောက်တဲ့ခရီးစဉ်နဲ့ အချိန်ကိုက်ပြီး လုပ်ကြံဝါဒဖြန့် ထိုးနှက်ခဲ့ခြင်းသာဖြစ်ကြောင်း ထင်ထင်ရှားရှား ကျွန်တော် သိနားလည်ခဲ့ရပါတယ်။

တကယ့်ဖြစ်စဉ်အမှန်ကတော့ ဇန်နဝါရီလ ၁၄ ရက်နေ့မနက်မှာ မိခင်ဖြစ်သူနဲ့ သားအမိချင်း ကတောက်ကဆဖြစ်ပြီး အရိုက်ခံရတဲ့အတွက် စိတ်ဆိုးသွားတဲ့ မောင်ဝေဦးချိုဟာ ကျောင်းကနေ အိမ်ကိုမပြန်တော့ဘဲ ဘူတာဘက်ကို ရောက်ခဲ့တယ်လို့ ဆိုပါတယ်။ ဘူတာရောက်တော့ လူတစ်ယောက်က တပ်ထဲဝင်ဖို့ စည်းရုံးတဲ့အတွက် နောက်တစ်နေ့မနက်မှာ ပဲခူးမှာရှိတဲ့ စုဆောင်းရေးတပ်ဆွယ်ကို ရောက်သွားပါတယ်။ အဲဒီမှာ စုဆောင်းရေး အရာရှိတစ်ဦးက အသက်က(၁၆)နှစ်သာရှိသေးတဲ့အတွက် တပ်ထဲဝင်ဖို့ လက်မခံဘဲ ပြန်လွှတ်လိုက်တယ်လို့ ဆိုပါတယ်။

ဒီလို စစ်သားစုဆောင်းရေးက လက်မခံတဲ့အခါ တိုတိုပြောရရင် မောင်ဝေဦးချိုဟာ ဦးတည်ရာမဲ့လျှောက်သွားရင်း ရန်ကုန်ရောက်သွားပါတယ်။ အဲဒီနောက် ပါလာတဲ့ ပိုက်ဆံကုန်ခါနီးလာတဲ့အခါ ကျောက်တန်းမြို့နယ် တံတားရွာမှာရှိတဲ့ ဦးလေးဖြစ်သူဆီကို သွားနေခဲ့ပါတယ်။ ဦးလေးဆီက တစ်ဆင့် အိမ်ကို ဖုန်းနဲ့အကြောင်းကြားတဲ့အခါကျမှ မိခင်ဖြစ်သူက အဖြစ်မှန်ကိုသိပြီး သွားရောက်ခေါ်ယူခဲ့ရပါတယ်။ ဒါကြောင့် မောင်ဝေဦးချိုဟာ ဇန်နဝါရီလ ၂၅ ရက်နေ့မှာ သူ့အိမ်ကိုပြန်ရောက်ပြီး နောက်တစ်နေ့မှာ ပုံမှန် ကျောင်းပြန်တက်နိုင်ခဲ့ပါတယ်။

ဒါပေမယ့် မိခင်ဖြစ်သူကတော့ သူ့သား တပ်ထဲဝင်သွားတယ်ပဲထင်ပြီး ပဲခူးစစ်သားစုဆောင်းရေးသာမက ဒုညင်းကုန်းစုဆောင်းရေးအထိပါ လိုက်ရှာခဲ့ပါတယ်။ မတွေ့တဲ့အဆုံး ပဲခူးမှာရှိတဲ့ လမ်းပြကြယ်အမည်ခံ ဦးအေးမြင့်ဆီကို သွားပြီး ဆက်သွယ်မိခဲ့ပါတယ်။ ဦးအေးမြင့်ကလည်း ဒီလို သတင်းအနံ့ရတာနဲ့ ချက်ချင်းပဲ ဟန်းဖုန်းနဲ့ဆက်ပြီး ဒေါ်နွယ်နွယ်ကို VOA နဲ့ အင်တာဗျူးနှစ်ကြိမ် လုပ်စေခဲ့တယ်လို့ဆိုပါတယ်။ ည ၁၀ နာရီခွဲမှာ လုပ်ခဲ့တဲ့ အင်တာဗျူးဟာ ည ၁၁ နာရီသတင်းမှာ ပါလာတာကိုကြည့်ရင် သူတို့အနေနဲ့ ဘာမှ သတင်းအခြေအမြစ်ကို လေ့လာစိစစ်ခြင်း မလုပ်ဘဲ ကျွန်တော်တို့နိုင်ငံအကြောင်း မကောင်းသတင်းဖြစ်ရင် ပြီးရောဆိုပြီး ထုတ်လွှင့်ခဲ့မှန်း ထင်ရှားပေါ်လွင်နေပါတယ်။

နောက် ဇန်နဝါရီ ၂၃ ရက်နေ့မှာတော့ ဦးအေးမြင့်ကိုယ်တိုင် ဒေါ်နွယ်နွယ်ရဲ့ အိမ်ကိုသွားပြီး ဗီဒီယိုကင်မရာနဲ့ ရိုက်ကူးမှတ်တမ်းတင်ကာ ပြည်ပမီဒီယာတွေနဲ့ အင်တာနက်ပါမကျန် ထည့်သွင်းထုတ်လွှင့်စေခဲ့တယ်လို့ သိရပါတယ်။ နောက်ဆုံး မောင်ဝေဦးချိုကို သူ့မိခင်ကိုယ်တိုင် ကျောက်တန်းကနေ သွားပြန်ခေါ်လို့ ပဲခူးပြန်ရောက်လာတာကိုတောင် ဦးအေးမြင့်ရဲ့ စွမ်းစွမ်းတမံအကျိုးဆောင်ပေးမှုကြောင့် အဓမ္မတပ်သားသစ်စုဆောင်းသွားတဲ့ တပ်ကပဲ လာပြန်ပို့ပေးသွားသယောင်ယောင် ချော်လဲရောထိုင် ထုတ်လွှင့်သွားခဲ့ပါတယ်။

ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး သတင်းစာရှင်းလင်းပွဲကနေ အဖြစ်မှန်များကို သိခွင့်ရခဲ့သမျှ အားလုံးသိအောင် ပြန်ပြီးဖောက်သည်ချလိုက်ပါတယ်။ အဖြစ်မှန်ကို သိလိုက်ရတဲ့အတွက် တပ်မတော်ရဲ့ စစ်သားစုဆောင်းရေး စည်းမျဉ်းစည်းကမ်းတွေအရ မိမိဆန္ဒသဘောအလျောက် တပ်ထဲဝင်ချင်သူဖြစ်သည့်တိုင် စနစ်တကျစစ်ဆေးပြီး အသက် (၁၈)နှစ်နဲ့ အခြားသတ်မှတ်ချက်တွေ ပြည့်မီကိုက်ညီမှသာ လက်ခံခြင်းဖြစ်ကြောင်း၊ စည်းမျဉ်း စည်းကမ်းနဲ့ မညီညွတ်သူများကို လက်မခံဘဲပြန်လွှတ်ကြောင်း နားလည်ခွင့်ရခဲ့တဲ့အပြင် ပြည်ပမီဒီယာတွေက ထုတ်လွှင့်နေသလို အသက် (၁၈)နှစ်မပြည့်သေးတဲ့ ကလေးသူငယ်တွေကို အတင်းဆွယ်၊ အတင်းခေါ်ပြီး အဓမ္မစုဆောင်းနေတာမျိုး မဟုတ်ကြောင်း အဖြူအမည်း ကွဲပြားပေါ်လွင်စေခဲ့ပါတယ်။ ဒါ့အပြင် အဲဒီ အသံလွှင့်ဌာနတွေအနေနဲ့ အဖြစ်မှန်ကို ဂဃနဏ စုံစမ်းစိစစ်အတည်ပြုခြင်း လုံးဝမရှိခဲ့ဘဲ အခုလို တစ်ဖက်စောင်းနင်း ထုတ်လွှင့်နေတာတွေဟာ ကျွန်တော်တို့နိုင်ငံအပေါ် အပုပ်ချရရင် ပြီးရောဆိုတဲ့ အစွန်းရောက်ဣဿာမစ္ဆရိယ အခြေခံစိတ်နဲ့ အစီအမံရှိရှိ ရည်ရွယ်ထိုးနှက်လုပ်ဆောင်နေခြင်းဖြစ်ကြောင်း ထင်ရှားစေခဲ့ပါတယ်။

ဒါတွေကိုကြည့်ရင် BBC, VOA, RFA, DVB စတဲ့ အနောက်အသံလွှင့်ဌာနအားလုံးဟာ မဟုတ်မမှန် လုပ်ကြံမုသာဝါဒသတင်းတွေကို ကျွန်တော်တို့နိုင်ငံနဲ့ ပြည်သူအထိတ်တလန့်ဖြစ်အောင်၊ ယုန်ထင်ကြောင်ထင်ဖြစ်အောင်၊ အတွေးမှား အသိမှား အလုပ်မှားဖြစ်အောင်၊ ဆူဆူပူပူရုတ်ရုတ်သဲသဲနဲ့ နောက်ဆုံး နိုင်ငံပြိုကွဲတဲ့အထိဖြစ်အောင် ရည်ရွယ်ချက်ရှိရှိနဲ့ တစိုက်မတ်မတ် ထုတ်လွှင့်ပေးနေခြင်းဖြစ်ကြောင်း ထင်ရှားလှပါတယ်။ သူတို့ရဲ့ လုပ်ရပ်တွေကို ထင်ရှားအောင် ဥပမာပေးရရင် သူတို့သတင်းတစ်ပုဒ် တစ်ပုဒ် လွှင့်တိုင်း ကျွန်တော်တို့နိုင်ငံအတွင်းကို ဆူးလှည်းကြီးတွေ တစ်စီးပြီးတစ်စီး မောင်းသွင်းလွှတ်လိုက်သလိုပါပဲ။ သူတို့မောင်းသွင်းလာတဲ့ ဆူးလှည်းကြီးပေါ်ကနေ လမ်းတစ်လျှောက်ဖြန့်ကြဲခဲ့တဲ့ ဆူးတွေရဲ့ဒုက္ခပေးမှုကို လက်တွေ့ခံနေရသူတွေကတော့ ကျွန်တော်တို့ ပြည်သူတွေပဲမဟုတ်လား။ ကိုယ့်လမ်းကိုယ် လျှောက်ရင်း ဆူးစူးခံနေရတာ ကျွန်တော်တို့ မြန်မာပြည်သူတွေပါပဲ။

ပြောရရင် ကျွန်တော်တို့ပြည်သူတွေ အစူးခံခဲ့ရတဲ့ ဆူးပေါင်းက မရေမတွက်နိုင်အောင်ပါပဲ။ အရင်တုန်းကဆိုရင် ရှစ်လေးလုံးနှစ်ပတ်လည်နေ့ဆိုပြီး သူတို့က ဘေးတီးလိုက်၊ ကျွန်တော်တို့ပြည်သူတွေက ပူပန်ကြောင့်ကြဖြစ်လိုက်၊ ဘယ်နေ့ ဘယ်နေရာမှာ ဘယ်သူတွေက ဘာလုပ်မယ်ဆိုပြီး အသံပေးလိုက်၊ ကျွန်တော်တို့ပြည်သူတွေက အထိတ်တလန့်ဖြစ်လိုက်၊ ဘယ်နိုင်ငံက ဘယ်သူက ဘယ်လိုပြောလိုက်တဲ့အတွက် ဘာဖြစ်တော့မယ်ဆိုပြီး ခြောက်လုံးလှန့်လုံးတွေ ထုတ်လိုက်၊ ကျွန်တော်တို့ပြည်သူက မျက်ကလူးဆန်ပြာဖြစ်လိုက်၊ နောက်ဆက်တွဲအနေနဲ့ ကုန်ဈေးနှုန်းတွေ တက်လိုက်ဆိုတော့ တကယ်ပဲ မခက်လှပါလား။ ခွေးဟောင်တိုင်း ထကြည့်ရင် အိပ်ရေးပျက်မယ်ဆိုတာ သိပေမယ့် အကျင့်ပါနေတော့ ထကြည့်ဖြစ်တာပါပဲ။ ဒီတော့လည်း ကျွန်တော်တို့အားလုံး အိပ်ရေးတွေပျက်ပြီး မျက်တွင်းဟောက်ပက်ဖြစ်ခဲ့ရတာပေါ့။ အခုတော့လည်း ကျွန်တော်တို့အဖို့ ဟောင်လွန်းတဲ့ခွေး လူမလေးဆိုသလို ရိုးသွားပါပြီ။ ကိုယ့်ပတ်ဝန်းကျင်က ခွေးရဲ့အထာကို သိနေပြီဆိုတော့ ဟောင်တိုင်းလည်း ထမကြည့်ဖြစ်တော့ပါဘူး။ ပြောရရင် အခုများဖြင့် ခွေးဟောင်လေ ပိုအိပ်လို့ကောင်းလေတောင် ဖြစ်နေပြီလားလို့ ထင်မိပါတယ်။

အခုလည်း ရွေးကောက်ပွဲနီးလာလို့ လေလှိုင်းပေါ်က မိုးလုံးပြည့်မုသာဝါဒ အသံတွေ ပိုညံလာတာကို သတိထားဖို့ လိုပါတယ်။ သူတို့အနေနဲ့ အစီအမံရှိရှိ၊ ရည်ရွယ်ချက်ရှိရှိ လုပ်ကြံဖန်တီးထိုးနှက်နေခြင်း ဖြစ်တယ်ဆိုတာ သိမြင်နားလည်ဖို့ လိုပါတယ်။ ဒါ့အပြင် သူတို့ရဲ့ အတ္တအကျိုးစီးပွားအတွက် ရှေ့တန်းတင်ပြီး ကျွန်တော်တို့ မြန်မာပြည်သူတွေကို ချနင်းပြီး လမ်းခင်းလျှောက်ဖို့ ကြိုးပမ်းနေခြင်း ဖြစ်တယ်ဆိုတာကိုလည်း အမှန်အမှား ခွဲခြားသိမြင်နားလည်ပြီး သူတို့သွေးထိုးလှုံ့ဆော်သမျှ နားမယောင်ကြဖို့ အရေးကြီး။

နောက်ဆုံးသတ္တပတ်ကြည့်ရင် BBC,VOA,RFA,DVB အပါအဝင် အနောက်အသံလွှင့်ဌာနတွေ အခုလို ရေးနေ လွှင့်နေ ပြောနေ ဆိုနေကြတာတွေ အားလုံးဟာ တစ်ခုမှ အမှန်မဟုတ်ပါဘူး။ အင်တာဗျူးဆိုတာတွေဟာ လည်း လေ့ကျင့်မွေးမြူထားတဲ့ ဒလန်တွေနဲ့ အတိုင်အဖောက်ညှိပြီး စည်းကိုက်ဝါးကိုက် လုပ်ကြံအမေးအဖြေများသာဖြစ်ပါတယ်။ ရယူထားတဲ့ သတင်းအခြေအမြစ်ဆိုတာလည်း တစ်ခုမှ ခိုင်ခိုင်မာမာမရှိတဲ့အပြင် အခြေအမြစ် လုံးဝမရှိဘဲ ထင်ရာမြင်ရာ လုပ်ကြံလီဆယ် ဖန်တီးထားတဲ့ သတင်းအတုအယောင်တွေက ပိုများနေပါတယ်။ သူတို့ထုတ်လွှင့်တဲ့ သတင်းပါ ဖြစ်စဉ်ဖြစ်ရပ်၊ နေရာဒေသ၊ လူပုဂ္ဂိုလ်ဆိုတာတွေ အားလုံးဟာလည်း တကယ့်လက်တွေ့မြေပြင်မှာ လုံးဝမရှိ၊ မဖြစ်ခဲ့တာတွေချည်းပါပဲ။ သူတို့ရဲ့ သတင်းထောက်ဆိုတဲ့ ပုဂ္ဂိုလ်တွေကလည်း ကျွန်တော်တို့ အိမ်နီးချင်းနိုင်ငံ နယ်စပ်တွေမှာ ကပ်ရပ်နေထိုင်ပြီး အစိုးရဆန့်ကျင်ဘက်အုပ်စုတွေ ပြောသမျှ မဟုတ်မဟတ်တွေကို လုပ်ဇာတ်ဆင်ပြီး နေ့တွက်စီအောင် ဖြစ်ညှစ်ပေးပို့နေရတဲ့သူတွေပါ။ ဒါကြောင့်လည်း သူတို့ သတင်းတွေဟာ ပေါက်ပန်းဈေး လမ်းဘေးစကားကို လိုရာဆွဲ အဆစ်ထပ်ဆောင်းပြီး သာသာထိုးထိုး လိမ်နေကြမှန်း သိသာလွန်းလောက်အောင် အဆင့်မမီဖြစ်နေတာပေါ့။

ဒါကြောင့် ကလိမ်စေ့ငြမ်းဆင် အလိမ်တကာ့ဘုရင်တွေကို မြန်မာပြည်သူအားလုံးကိုယ်စား ကျွန်တော်တစ်ဆက်တည်း သတိပေးလိုက်ချင်ပါတယ်။ အလိမ်အညာဆိုတာ တစ်ကြိမ်တစ်ခါနဲ့ ပြီးရိုးထုံးစံမရှိပါဘူး။ တစ်ခါလိမ်မိတာနဲ့ အဲဒီအလိမ်မပေါ်အောင် ဆက်ကာဆက်ကာ တစ်လိမ်တည်း လိမ်နေရတဲ့ သဘောသဘာဝရှိပါတယ်။ ဒါ့အပြင် "စကား စကားပြောဖန်များ၊ စကားထဲက ဇာတိပြ" ဆိုတဲ့ ဆိုရိုးလည်းရှိပါတယ်။ ဒီတော့ အလိမ်သံသရာမှာ ပတ်ချာလည်ပြီး ဇာတိတွေလည်း အကြိမ်ကြိမ်ပြခဲ့ပြီးဖြစ်တာမို့ ကျွန်တော်တို့ ပြည်သူတွေက ခင်ဗျားတို့ကို အတော်လေး စိတ်အချဉ်ပေါက်နေကြပါပြီ။ အတော်လေး နားမခံသာ ဖြစ်နေကြပါပြီ။ ဒါကြောင့် ပြည်သူက သည်းမခံနိုင်တဲ့အဆင့်မရောက်မီ မုသာဝါဒလုပ်ရပ်တွေကို ရပ်တန်းကရပ်ပြီး မီဒီယာကျင့်ဝတ်နဲ့အညီ ဆင်ဆင်ခြင်ခြင် ရှိကြစေချင်ပါတယ်။

တကယ်တမ်း ပြန်တွက်ကြည့်ရင် အဲဒီအသံလွှင့်ဌာနတွေရဲ့ မိုးလုံးပြည့်မုသာဝါဒ ထုတ်လွှင့်ချက်တွေကြောင့် ကျွန်တော်တို့ပြည်သူတွေမှာ ထိခိုက်နစ်နာဆုံးရှုံးမှုတွေ ကြုံခဲ့ပေါင်းများလှပါပြီ။ စိုးရိမ်ပူပန် အထိတ်တလန့်ဖြစ်ခဲ့ရပေါင်းလည်း များလှပါပြီ။ ဒီလုပ်ကြံ လီဆယ်သတင်းတွေကြောင့် ကျွန်တော်တို့ပြည်သူတွေမှာ ဒီထက်ပိုပြီး ထိခိုက်နစ်နာ ဆုံးရှုံးမှုတွေ ရှိလာဦးမယ်ဆိုရင် နားလည်သည်းခံခွင့်လွှတ်နိုင်ဖို့မလွယ်လှပါဘူး။ ဒီသဘောထားဟာလည်း ကျွန်တော်တစ်ယောက်တည်းရဲ့ သဘောထားမဟုတ်ဘဲ ပြည်သူအများစုကြီးရဲ့ ရင်ထဲမှာရှိနေတဲ့ ပြည်သူ့သဘောထားသာ ဖြစ်ပါတယ်။

ကျွန်တော် မှတ်သားမိသလောက်ပြောရရင် ဒေသတွင်းနိုင်ငံတွေထဲက ကမ္ဘာကျော် နိုင်ငံ့ခေါင်းဆောင်ဟောင်းကြီးတချို့ကတောင် သူတို့ရဲ့ ပုဂ္ဂိုလ်ရေး ထိခိုက်နစ်နာ ဆုံးရှုံးမှုတွေအတွက် မဟုတ်မမှန် ထိခိုက်ပုတ်ခတ်ပြောဆိုတဲ့ အသံလွှင့်ဌာနတွေ၊ မဟုတ်မမှန် ထိခိုက်ပုတ်ခတ်ရေးသားတဲ့ စာနယ်ဇင်းတွေကို တရားစွဲဆိုခဲ့ဖူးတဲ့ သာဓကတွေ ရှိခဲ့ပါတယ်။ ဒါဆိုရင် ကျွန်တော်တို့လည်း ကျွန်တော်တို့ပြည်သူအားလုံးရဲ့ ထိခိုက်နစ်နာဆုံးရှုံးမှုတွေအတွက် တစ်ချိန်ချိန်မှာ အဲဒီအသံလွှင့်ဌာနတွေကို အရေးယူမှုတစ်ခုခု (ဥပမာ-တရားစွဲဆိုခြင်း) မလုပ်သင့်ပေဘူးလားလို့တောင် ကျွန်တော် စဉ်းစားမိပါတယ်။ ကျွန်တော် စဉ်းစားမိသလို အများပြည်သူကလည်း စဉ်းစားမိမှာပါပဲ။ ဒီလိုသာ အားလုံးက စဉ်းစားလာပြီဆိုရင် ဒါဟာ တစ်ချိန်ချိန်မှာ ဖြစ်မလာနိုင်စရာ မရှိပါဘူး။

အခုအချိန်မှာတော့ ပုဆိန်ရိုးတွေနဲ့ မုသာဝါဒအသံလွှင့်ဌာနတွေ ပူးပေါင်းပြီး ထုတ်လွှင့်နေတဲ့ သတင်းတွေဟာ ကျွန်တော်တို့ပြည်သူများအတွင်း အထိတ်တလန့် ထင်ယောင်ထင်မှားဖြစ်ပြီး လက်ရှိ တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်တွေ နှောင့်နှေးရပ်တန့်သွားအောင်၊ အစိုးရ၊ ပြည်သူနဲ့ တပ်မတော်တို့ အောင်မြင်စွာ လက်တွဲပူးပေါင်း ဆောင်ရွက်နေမှုများကို ဟန်ချက်ပျက် ပြိုကွဲယိုင်လဲသွားအောင်၊ နိုင်ငံတော်ရဲ့ မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ဖော်မှု ပျက်ပြားသွားအောင်၊ ၂၀၁၀ ရွေးကောက်ပွဲ နှောင့်နှေးပျက်ပြားပြီး ပြည်သူတွေရဲ့ ဒီမိုကရေစီလမ်းကြောင်း သွေဖည်ယိမ်းယိုင်ပျောက်ဆုံးသွားအောင် ရည်ရွယ်ချက်ရှိရှိနဲ့ လုပ်ကြံလီဆယ်သွေးထိုး လှုံ့ဆော်နေတာတွေဖြစ်ကြောင်း ကျွန်တော် သိမြင်နားလည်သလို ပြည်သူအားလုံးကိုလည်း ရှင်းရှင်းဘွင်းဘွင်း သိမြင်နားလည်ကြစေချင်ပါတယ်။ **၈၈ အရေးအခင်းဆိုတာကို ကိုယ်တွေ့ဖြတ်သန်းခဲ့ဖူးသူတိုင်း အနောက်အသံလွှင့်ဌာနတွေရဲ့ ဗလောင်းဗလဲ မုသာဝါဒ အစီအမံတွေနဲ့ သွေးထိုး၊ မြှောက်ပင့်၊ ချိန်းချက်၊ ချိန်ကိုက်ဆောင်ရွက်ချက်တွေရဲ့ အန္တိမရည်မှန်းချက်ကို တစ်ခါသေဖူး ပျဉ်ဖိုးနားလည်ဆိုသလို သဘောပေါက် သိနားလည်ကြစေချင်ပါတယ်။**

အခုလည်း ရွေးကောက်ပွဲနီးလာလို့ လေလှိုင်းပေါ်က မိုးလုံးပြည့်မုသာဝါဒ အသံတွေ ပိုညံလာတာကို သတိထားဖို့ လိုပါတယ်။ သူတို့အနေနဲ့ အစီအမံရှိရှိ၊ ရည်ရွယ်ချက်ရှိရှိ လုပ်ကြံဖန်တီး ထိုးနှက်နေခြင်းဖြစ်တယ်ဆိုတာ သိမြင်နားလည်ဖို့ လိုပါတယ်။ ဒါ့အပြင် သူတို့ရဲ့အတ္တအကျိုးစီးပွားအတွက် ရှေ့တန်းတင်ပြီး ကျွန်တော်တို့ မြန်မာပြည်သူတွေကို ချနင်းပြီး လမ်းခင်းလျှောက်ဖို့ ကြိုးပမ်းနေခြင်းဖြစ်တယ်ဆိုတာကိုလည်း အမှန်အမှား ခွဲခြားသိမြင်နားလည်ပြီး သူတို့သွေးထိုးလှုံ့ဆော်သမျှ နားမယောင်ကြဖို့ အရေးကြီးလှပါတယ်။ ကလိမ်စေ့ငြမ်းဆင် အလိမ်တကာ့ဘုရင်တွေ မိုးလုံးမဆုံအောင် လိမ်နေကြမှန်းသိမြင်နားလည်ပြီး သိသိကြီးနဲ့ အလိမ်မမိကြဖို့ ကျွန်တော်တို့အားလုံး သတိသမ္ပဇဉ်တရား လက်ကိုင်ထားကြစေချင်ပါတယ်။ လိမ်တဲ့သူအနေနဲ့ လိမ်တာကိုက သူ့အလုပ်ဖြစ်တာမို့ ကျွန်တော်တို့ပြည်သူတွေကလည်း ကိုယ့်အလုပ်ကိုယ်လုပ်ပြီး အလိမ်အညာမှိုင်းမမိစေဖို့ အသိတရားနဲ့ သတိတရားပေါင်းစပ်ကာ ဆင်ခြင်ရှောင်ရှား သွားကြရမှာသာဖြစ်ပါကြောင်း ဆန္ဒပြုရေးသားလိုက်ရပါတယ်။ ။

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

တည်ငြိမ်အေးချမ်းမှုနှင့်အတူ တပ်မတော်အစိုးရလက်ထက်တွင် ဘက်စုံဖွံ့ဖြိုးတိုးတက်လာသော ကန္တရဝတီ ငွေတောင်ပြည်

➢ သတင်းဆောင်းပါး - မောင်ချစ်ဖေ
➢ စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင် (မြန်မာ့အလင်း)

မြန်မာနိုင်ငံအား လုံးဝလွတ်လပ်ရေး ပေးရအံ့ဆဲဆဲတွင် ကိုလိုနီနယ်ချဲ့တို့က တောင်တန်းနယ်များကို ချန်လှပ်ထားနိုင်ရေးအတွက် တောင်ပေါ်နှင့် မြေပြန့်တိုင်းရင်းသားများအား အစွမ်းကုန်သွေးခွဲရန် လုပ်ကြံဖန်တီးပြောကြားခဲ့သော စကားသံများကို နေပြည်တော်-ပင်လောင်း-လွိုင်ကော် ကားလမ်းရှိ မြင့်မားသီခေါင်သော တောင်တန်းများဆီမှ ပဲ့တင်ထပ်မှု ပြန်လည်၍ ကြားယောင်မိသလို တွေးထင်နေဆဲ။

ပြန်လည်မြင်ယောင်

ထို့အတူ မြန်မာပြည်ဆိုင်ရာ ကိုလိုနီနယ်ချဲ့အတွင်းဝန်က "မြန်မာပြည်ကို လွတ်လပ်ရေးပေးပြီး လက်လွှတ်လိုက်ရသည့်အခြေအနေမျိုး ဆိုက်ရောက်စေကာမူ တောင်တန်းနယ်များကို မိမိတို့အင်ပါယာ၏လက်အောက်တွင် နှစ်ပေါင်း ၃၀မျှ ထားမှဖြစ်မည့်အကြောင်း၊ တောင်တန်းနယ်များမှာလည်း ဗမာများကဲ့သို့မဟုတ်၊ ထိန်းသိမ်းထားဖို့ လိုသေးကြောင်း" စသည်ဖြင့် ထိုစဉ်က အိန္ဒိယတွင်ရှိနေသော ဗမာပြည်ဘုရင်ခံထံစာရေးသား၍ နည်းပရိယာယ်အမျိုးမျိုးဖြင့် သွေးခွဲခဲ့ကြသည့် မြင်ကွင်းအဖုံဖုံကိုလည်း ပြန်လည် မြင်ယောင်မိနေဆဲ။

ထိုသို့သော သွေးခွဲမှုတို့ကို မြန်မာတိုင်းရင်းသားတို့သည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုအားမာန်ဖြင့် ရင်ဆိုင်ကျော်လွှားနိုင်ခဲ့၍ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် လွတ်လပ်ရေးအောင်ပန်းကို ပြန်လည်ဆွတ်ခူးရရှိခဲ့ကြပေသည်။ သို့ဖြစ်လင့်ကစား ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲမှုအမွေဆိုးကြောင့် လွတ်လပ်ပြီးစ အခြားသော နိုင်ငံငယ်များနည်းတူပင် အမိမြန်မာနိုင်ငံသည်လည်း ပြည်တွင်းသောင်းကျန်းမှုဒဏ်ကို နှစ်ပရိစ္ဆေဒ ကြာမြင့်စွာ ခံစားခဲ့ကြရလေသည်။

တပ်မတော်အစိုးရလက်ထက်တွင်မူ အမျိုးသားပြန်လည်ပေါင်းစည်းရေး လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နိုင်ခဲ့၍ ပြည်ထောင်စုကြီး၏ နယ်မြေဒေသအသီးသီးသည် သမိုင်းတစ်ခေတ်၏ဆန်းသစ်မှုနှင့်အတူ ငြိမ်းချမ်းရေးရောင်နီဦးများ လွှမ်းခြုံရစ်ပတ်လာခဲ့ပေသည်။

ဝင်ရောက်လာ

ပြည်ထောင်စုကြီး၏နယ်မြေ ကန္တရဝတီ ငွေတောင်ပြည်၌လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဖြစ်ကြသော 'KNG' အဖွဲ့သည် ၁၉၉၂ ခုနှစ် ဖေဖော်ဝါရီလ ၂၇ရက်နေ့တွင် လည်းကောင်း၊ 'ကလလတ' အဖွဲ့သည် ၁၉၉၄ ခုနှစ် မေလ ၉ရက်နေ့တွင် လည်းကောင်း၊ 'ကယန်းပြည်သစ်ပါတီ' သည် ၁၉၉၄ ခုနှစ် ဇူလိုင်လ ၂၆ရက်နေ့တွင် လည်းကောင်း၊ 'KNPP'အဖွဲ့သည် ၁၉၉၅ ခုနှစ် မတ်လ ၂၁ရက်နေ့တွင်လည်းကောင်း တရားဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာနိုင်ခဲ့ကြသည်။

တစ်ဖန် ၂၀၀၉ ခုနှစ် နိုဝင်ဘာလ ၈ရက်နေ့တွင်မူ တရားဥပဒေဘောင်အတွင်း ဝင်ရောက်ပြီးဖြစ်သည့် 'ကလလတ'အဖွဲ့အစည်းအား ကယားပြည်နယ်ရှိ စွတ်ပိုင်နှင့် ပန်တိန်းဒေသတို့တွင် နယ်ခြားစောင့်တပ်အဖြစ် ဖွဲ့စည်းဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ရာ ကန္တရဝတီ ငွေတောင်ပြည်အတွက် မင်္ဂလာရှိသော နေ့မြတ်တစ်ရက်ဟု ဆိုရပေမည်။

တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။ တပ်မတော်အစိုးရသည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ချမှတ်ကာ အမျိုးသားပြန်လည်ပေါင်းစည်းရေး ဖော်ဆောင်ခဲ့ရုံမက ပြည်ထောင်စုကြီး၏ နယ်မြေဒေသအသီးသီးကို ဆူကြုံနိမ့်မြင့် ကွာဟမှုမရှိစေရေးအတွက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အထူးဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခု စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် စီမံကိန်းတို့ကို ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ပြန်ပါသည်။

တည်ဆောက်ပေး

အထူးဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခု စီမံကိန်းအဖြစ် ကချင်ပြည်နယ်၌ မြစ်ကြီးနား၊ ဗန်းမော်၊ ကရင်ပြည်နယ်၌ ဘားအံ၊ ချင်းပြည်နယ်၌ ကလေး၊ ကယားပြည်နယ်၌ လွိုင်ကော်၊ စစ်ကိုင်း၌ မုံရွာ၊ တနင်္သာရီတိုင်း၌ ထားဝယ်နှင့် မြိတ်၊ ပဲခူးတိုင်း၌ ပဲခူးနှင့် ပြည်၊ မကွေးတိုင်း၌ မကွေးနှင့် ပခုက္ကူ၊ မန္တလေးတိုင်း၌ မန္တလေးနှင့် မိတ္ထီလာ၊ မွန်ပြည်နယ်၌ မော်လမြိုင်၊ ရခိုင်ပြည်နယ်၌ စစ်တွေ၊ ရန်ကုန်တိုင်း၌ ရန်ကုန်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ လားရှိုး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၌ ကျိုင်းတုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၌ တောင်ကြီးနှင့် လွိုင်လင်၊ ဧရာဝတီတိုင်း၌ မအူပင်၊ ဟင်္သာတနှင့် ပုသိမ်ဒေသတို့ကို သတ်မှတ်ပေးခဲ့ပြီး ၄င်းအထူးဒေသတိုင်း၌ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် ခုတင်(၂၀၀)ဆံ့ အထူးကုဆေးရုံကြီး တစ်ခုစီကို နိုင်ငံတော်က အသစ်တည်ဆောက်ပေးခဲ့သည်။



ကယားပြည်နယ်မှ ဒေသခံတိုင်းရင်းသားများအတွက် ပြည်ထောင်စုတစ်ဝန်းသို့ အချိန်မရွေး လက်တစ်ကမ်းအကွာမှ ဆက်သွယ်ပြောဆိုနိုင်စေရန် နိုင်ငံတော်က ငွေကြေးများစွာကျခံပြီး တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် လွိုင်ကော်မြို့ မိုက္ကရိုဝေ့ဗ်ဆက်သွယ်ရေးစခန်းကလည်း ပြည်နယ်ဖွံ့ဖြိုးတိုးတက်နေမှု၏ ထင်ရှားသောပြယုဂ်အဖြစ် ဤသို့ဤပုံ မိုးယံသို့လွှင့်ပျံစွာ....။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ဤကဲ့သို့ နိုင်ငံတော်အစိုးရ၏ ပြည်နယ်၊ ပြည်မ မခွဲခြားဘဲ ပြည်ထောင်စုတစ်ဝန်းလုံး ဟန်ချက်ညီညီ တစ်ပြေးညီဖွံ့ဖြိုးရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ ဆောင်ရွက်ပေးခဲ့မှုကြောင့် မျက်မှောက် ပြည်ထောင်စုတိုင်းရင်းသားတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုမှာ မည်သည့်ခေတ်ကာလနှင့်မျှမတူ ဖွံ့ဖြိုးလာခဲ့သည်ကို သမိုင်းက သက်သေပြလျက်ရှိပေသည်။

ဘက်စုံဖွံ့ဖြိုး

တစ်ချိန်က ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုကိုခံခဲ့ရသည့် တောင်တန်းဒေသ ကန္တရဝတီ ငွေတောင်ပြည်သည် ယခုအခါ တပ်မတော်အစိုးရလက်ထက်တွင် ငြိမ်းချမ်းရေးတေးသံတို့နှင့်အတူ တစ်ရှိန်ထိုး ဘက်စုံဖွံ့ဖြိုးတိုးတက်လာခဲ့ချေပြီ။

အထူးဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခု စီမံကိန်းဝင် လွိုင်ကော်မြို့၌မူကား ပြည်နယ်အတွင်း လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက ဒေသခံတိုင်းရင်းသားရင်သွေးငယ်များ အိုးမကွာ၊ အိမ်မကွာဖြင့် အဆင့်မြင့်ပညာရပ်များကို လွယ်လင့်တကူ သင်ကြားနိုင်ရေးအတွက် လွိုင်ကော်ဒီဂရီကောလိပ်ကို လွိုင်ကော်တက္ကသိုလ်အဖြစ် ၂၀၀၃ ခုနှစ်တွင် တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ပြီး လွိုင်ကော်မြို့၏ ကျက်သရေဆောင် လွိုင်ကော်တက္ကသိုလ်၏ ပင်မစာသင်ဆောင်ကို ၂၀၀၇ ခုနှစ် ဩဂုတ်လ ၅ရက်နေ့တွင် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ဆက်လက်၍ ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တို့ကိုလည်း တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ထို့မျှမက ဒေသခံတိုင်းရင်းသားတို့၏ ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုတိုးတက်စေရေးအတွက်လည်း ခုတင် (၂၀၀)ဆံ့ ပြည်နယ်ဆေးရုံကြီးကို နိုင်ငံတော်က ဖွင့်လှစ်ပေးနိုင်ခဲ့ချေပြီ။

ပြည်နယ်တစ်ခုလုံး၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအနေဖြင့်မူ အနမတဂ္ဂအံ့ချီးလောက်ပေ၏။ ၁၉၈၈ ခုနှစ်မတိုင်မီက လမ်းပန်းဆက်သွယ်မှု လွန်စွာခက်ခဲလှသည့် ကန္တရဝတီ ငွေတောင်ပြည်သည် ယခုမူ လေကြောင်းလိုင်းအပြင် ရထားလမ်း၊ ကားလမ်းများဖြင့် ခရီးမဝေးတော့ချေ။

တိုးတက်ဖောက်လုပ်

၁၉၉၅ ခုနှစ် ဧပြီလ ၂၇ရက်နေ့တွင် လွိုင်ကော်ဘူတာကြီးအဖြစ် ဥပမိရပ်ခံ့ညားစွာ ပေါ်ပေါက်လာသကဲ့သို့ ယခင်က မရှိသေးသော အောင်ပန်း-ပင်လောင်း၊ ပင်လောင်း-လွိုင်ကော်၊ အောင်ပန်း-လွိုင်ကော်လမ်းပိုင်းများနှင့်အတူ ရထားလမ်းမိုင်အားဖြင့်လည်း ၁၀၁ ဒသမ ၈၂ မိုင်အထိ တိုးတက်ဖောက်လုပ်နိုင်ခဲ့ချေပြီ။ လွိုင်ကော်မြို့သို့ ရ- ရထားကြီး ပျော်ပျော်စီးလျက် သွားရောက်နိုင်ခဲ့ပြီဖြစ်သည်။

ကားလမ်းအနေဖြင့်မူ ၁၉၈၈ ခုနှစ်က ပြည်နယ်အတွင်း လမ်းမိုင် ၃၉၆မိုင်သာ ရှိခဲ့ရာမှ ယခုလမ်းမိုင် ၉၁၀အထိ ရှိလာခဲ့ပြီဖြစ်သည်။ ပြီးခဲ့သည့် လပိုင်းအတွင်းက နေပြည်တော်မှ နေပြည်တော်-ပင်လောင်း-လွိုင်ကော်လမ်းအတိုင်း ကန္တရဝတီ ငွေတောင်ပြည်သို့ ကျွန်တော်ရောက်ဖြစ်ခဲ့သေးသည်။ လေကြောင်းလိုင်းဖြင့် ရန်ကုန်မြို့မှ သွားရောက်ခဲ့စဉ်ကမူ လွိုင်ကော်လေဆိပ်သို့ တစ်နာရီမျှဖြင့် မြေကြောရှုံ့ကာ ရောက်ရှိခဲ့ပေသည်။ ၂၀၀၇-၂၀၀၈ ခုနှစ်အတွင်း လွိုင်ကော်လေဆိပ်သို့ လေယာဉ်အကြိမ်ပေါင်း ၂၅၂ကြိမ်မျှ ဆိုက်ရောက်ခဲ့ကြောင်း သိရှိရသည်။

ပေ ၁၈၀အထက် တံတားကြီးများမှာလည်း ၁၉၈၈ ခုနှစ်က ခြောက်စင်းသာရှိခဲ့ရာမှ ယခု ကိုးစင်းအထိရှိလာခဲ့ပြီဖြစ်၍ ဒေသခံတိုင်းရင်းသားများသည် လွိုင်ကော်မြို့ကို အခြေပြု၍ ရန်ကုန်-မန္တလေး-ကျောက်ပန်းတောင်း-မိတ္ထီလာ-တောင်ကြီး- အောင်ပန်း-တောင်ငူ-ဖယ်ခုံအပါအဝင် ဒေသအသီးသီးသို့ သက်သောင့်သက်သာ သွားလာနိုင်ကြပြီဖြစ်သည်။

ဆက်သွယ်နိုင်

ဆက်သွယ်ရေးကဏ္ဍအနေဖြင့်မူ ၁၉၈၈ ခုနှစ်က စာတိုက်စခန်း ၁၀ခု၊ တယ်လီဖုန်းရုံး လေးရုံးသာရှိခဲ့ရာမှ ယခုဆိုပါမူ စာတိုက်စခန်း ၁၅ခု၊ တယ်လီဖုန်းရုံး ၁၅ရုံးနှင့် မိုက္ကရိုဝေ့ဗ်စခန်းတစ်ခုကိုလည်း ထူထောင်ပေးနိုင်ပြီဖြစ်၍ GSM Mobile တို့ဖြင့်ပါ နေ့ညမရွေး ဆက်သွယ်နိုင်ပြီဖြစ်သည်။

ကယားပြည်နယ်သည် ၂၈၉၈၂၁ ဧက အကျယ်အဝန်းရှိ၍ မြေသယံဇာတပေါကြွယ်ဝ၏။ သို့မို့ကြောင့် ပလပ်မြေနှင့် မြေရိုင်းတို့ကို ဖော်ထုတ်ကာ စပါး၊ အစေ့ထုတ်ပြောင်း၊ နှံစားပြောင်း၊ ဖူးစားပြောင်း၊ မြေပဲ၊ နှမ်း၊ ပဲအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်၊ စားဖိုဆောင်သီးနှံများကို နှစ်အလိုက် ဖော်ထုတ်စိုက်ပျိုးနိုင်ခဲ့၍ ၂၀၀၀-၂၀၀၁ ခုနှစ်မှ အစပြုကာ ဒေသဝမ်းစာ ဖူလုံပိုလျှံလာကြောင်း သိရသည်။

ပြည်နယ်အတွင်း ဤသို့ သီးနှံစိုက်စွမ်းအား တိုးတက်မြင့်မားလာရေးအတွက် နိုင်ငံတော်က ဆည်မြောင်းတာတမံ၊ မြစ်ရေတင်လုပ်ငန်းများကို တည်ဆောက်ပေးခဲ့ရာ ၁၉၉၄ ခုနှစ်တွင် ဒေါ်တချရေလှောင်တမံ ၊ ၁၉၉၅ ခုနှစ်တွင် လီဝိုးဆည်၊ ၂၀၀၀ပြည့်နှစ်တွင် ငွေတောင်ရေထိန်းတမံနှင့်

စာမျက်နှာ ၇ ကော်လံ ၁

နယ်စပ်ဒေသ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်သွေးငယ်များအား ပညာတတ်များဖြစ်လာစေရန် နိုင်ငံတော်က မွန်မြတ်မှန်ကန်သော စေတနာများဖြင့် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် ကယားပြည်နယ် လွိုင်ကော်မြို့မှ လွိုင်ကော်တက္ကသိုလ်ကြီး၏ ခံ့ခံ့ထည်ထည် တည်ရှိမှုကလည်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များကို နှစ်စဉ် ပြုစုပျိုးထောင်မွေးထုတ်ပေးနေမှုကြောင့် ဤသို့ ကြည်နူးအားရဂုဏ်ယူဖွယ် မြင်တွေ့ရသည်မှာ....။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

6-2 (06).pmd 1 2/6/2010, 1:46 AM

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး
(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

စာမျက်နှာ ၆ မှ

၂၀၀၂ ခုနှစ်တွင် လွိုင်နန်းဖဆည်တို့ကို ထပ်မံတည်ဆောက် ဖွင့်လှစ်ပေးခဲ့၍ ယခုအခါ ပြည်နယ်အတွင်း ဆည်တမံ ၃၂ခုအထိ ရှိလာခဲ့ပြီဖြစ်သည်။

တစ်ဖန် မြစ်ရေတင်လုပ်ငန်း သုံးခုနှင့် ကျေးရွာဆည်မြောင်းလုပ်ငန်းများကို မယ်စဲ့၊ ဖယ်ခုံ၊ ဘော်လခဲ၊ ရှားတောနှင့် ဖားဆောင်း မြို့နယ်များအပါအဝင် မြို့နယ်များရှိ ကျေးလက်အသီးသီး၌ တည်ဆောက်ပေးခဲ့၍ ကျေးလက်စိုက်ပျိုးရေး မြင့်မားတိုးတက်လာကာ ဒေသခံတိုင်းရင်းသားတို့၏ လူမှုစီးပွားဘဝသည်လည်း မျှတဖွံ့ဖြိုးလာခဲ့ပေသည်။

ပြည်နယ်၏ ကျက်သရေဆောင် မြန်မာနိုင်ငံ၏ ပထမဦးဆုံး ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖြစ်သော ဘီလူးချောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ အမှတ်(၁)နှင့် အမှတ်(၂) (လောပိတ)ကား လွိုင်ကော်-မိုးဗြဲ-ဒီမောဆို-ဖရူဆိုနှင့် လောပိတနယ်မြေအပါအဝင် ကျေးရွာများသို့သာမက ပြည်ထောင်စုကြီး၏ ဒေသအသီးသီးသို့လည်း နိုင်ရာဝန်ကို ထောက်ကူပံ့ပိုးကာ ယခုတိုင် တာဝန်ထမ်းဆောင်နေဆဲပင်။

ယခုဆက်လက်၍ ဘီလူးချောင်း အမှတ်(၃) ရေအားလျှပ်စစ်စက်ရုံစီမံကိန်းကို နိုင်ငံတော်က ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပေသည်။

ကြည့်ရှုနိုင်

ထို့ပြင် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်များကို အခြားပြည်နယ်နှင့် တိုင်းများနည်းတူ လွိုင်ကော်၊ ဒီမောဆို၊ ဖရူဆို၊ ရှားတော၊ ဘော်လခဲ၊ ဖားဆောင်း၊ မယ်စဲ့၊ ရွာသစ်နှင့် မော်ချီးမြို့နယ်အပါအဝင် ကယားပြည်နယ်တစ်ဝန်းလုံးမှ ကြည့်ရှုနိုင်ကြပြီဖြစ်သည်။

ထို့ပြင် နေ့စဉ်ထုတ်သတင်းစာများကိုလည်း တောင်ကြီးကိုယ်ပွားသတင်းစာတိုက်မှတစ်ဆင့် နေ့ချင်းပေါက် ဖတ်ရှုနိုင်ပြီး ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ပေါင်း ၃၉၈တိုက်ကို ရပ်ကွက် ၃၁ရပ်ကွက်နှင့် ကျေးရွာပေါင်း ၃၆၇ရွာတို့တွင် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း သိရှိရသည်။

အလားတူ ဒေသခံတိုင်းရင်းသားရင်သွေးငယ်တို့၏ ပညာရေးအတွက်လည်း ယခုအခါ ပြည်နယ်တစ်ဝန်းလုံး၌ အခြေခံပညာကျောင်းပေါင်း ၃၈၈ကျောင်းကို ဖွင့်လှစ်ပေးနိုင်ခဲ့ရုံသာမက ဒေသခံတိုင်းရင်းသားတို့၏ ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုတိုးတက်မြင့်မားစေရေးအတွက် ယခုအခါ ပြည်နယ်တစ်ဝန်းလုံး၌ ဆေးရုံနှင့် ကျန်းမာရေးဌာနပေါင်း ၅၃ခုကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

ကယားပြည်နယ်အတွင်း တည်ဆောက်ဆဲစီမံကိန်းလုပ်ငန်းများ

စဉ်	အကြောင်းအရာ	တည်နေရာ	မှတ်ချက်
၁။	**စိုက်ပျိုးရေး** ရေလှောင်တမံ	မယ်စဲ့မြို့နယ်	ဟိုစဲ့ရေလွှဲဆည်တည်ဆောက်ခြင်း အကျိုးပြုဧက ၂၅၀
၂။	**လမ်းပန်းဆက်သွယ်ရေး** ပေ ၁၈၀အထက် တည်ဆောက်ဆဲတံတား	ဖားဆောင်းမြို့နယ်	၂၂၈ ပေရှည် သံကူကွန်ကရစ် ထူးချောင်းတံတား
၃။	**ဆက်သွယ်ရေး** CDMA	လွိုင်ကော်မြို့နယ်	CDMA-450 လုံးရေ ၃၀၀
၄။	**လျှပ်စစ်စွမ်းအား** တည်ဆောက်ဆဲစီမံကိန်းနှစ်ခု	လွိုင်ကော်မြို့နယ် လောပိတကျေးရွာ အုပ်စု လွိုင်ကော်မြို့နယ်+ ဖားဆောင်းမြို့နယ်	ဘီလူးချောင်း အမှတ်(၃)ရေအားလျှပ်စစ်စီမံကိန်း၊ ၅၂ မဂ္ဂါဝပ် (၂၆ မဂ္ဂါဝပ် × ၂လုံး) လွိုင်ကော်-ဖားဆောင်း ဓာတ်အားလိုင်း ၇၇မိုင် တည်ဆောက်ခြင်း

တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ကယားပြည်နယ်

စဉ်	အကြောင်းအရာ	ရေတွက်ပုံ	၁၉၈၈	၂၀၀၉	တိုးတက်မှု
၁။	စိုက်ပျိုးမြေဧရိယာ	ဧက	၈၈၄၂၃	၁၇၅၁၃၈	၈၆၇၁၅
၂။	ဆည်တမံ	ခု	၂၈	၃၂	၄
၃။	မြစ်ရေတင်လုပ်ငန်း	ခု	မရှိ	၃	၃
၄။	ကြိုးဝိုင်းတော	စတုရန်းမိုင်	၇၄	၂၇၀	၁၉၆
၅။	ကြိုးပြင်ကာကွယ်တော	စတုရန်းမိုင်	မရှိ	၂၁၈၀.၇၂	၂၁၈၀.၇၂
၆။	ရထားလမ်း	မိုင်	မရှိ	၁၀၁.၉၂	၁၀၁.၉၂
၇။	ကားလမ်း	မိုင်	၃၉၆	၉၁၁	၅၁၅
၈။	ပေ ၁၈၀အထက် တံတား	စင်း	၆	၉	၃
၉။	စာတိုက်စခန်း	ခု	၁၁	၁၅	၄
၁၀။	တယ်လီဖုန်းရုံး	ရုံး	၄	၁၅	၁၁
၁၁။	မိုက္ကရိုဝေ့ဗ်စခန်း	ခု	မရှိ	၁	၁
၁၂။	ပုဂ္ဂလိကစက်ရုံ	ရုံ	၂၈၁	၃၇၂	၉၁
၁၃။	အခြေခံပညာကျောင်း	ကျောင်း	၃၃၃	၃၈၈	၅၅
၁၄။	တက္ကသိုလ်၊ ကောလိပ်	ခု	မရှိ	၃	၃
၁၅။	ဆေးရုံ/ကျန်းမာရေးဌာန	ရုံ/ဌာန	၄၇	၅၃	၆

ဤသည်တို့မှာ ကန္တရဝတီ ငွေတောင်ပြည်သို့ မိမိရောက်ရှိစဉ်အတွင်း လက်လှမ်းမီသမျှ ကြည့်ရှုလေ့လာ မေးမြန်းစုဆောင်းခဲ့သော တပ်မတော်အစိုးရလက်ထက် ပြည်နယ်၏ အခြေခံအဆောက်အအုံများ တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေများပင် ဖြစ်ပေသည်။ တစ်ကြိမ်နှင့် တစ်ကြိမ် မတူသော ဖွံ့ဖြိုးတိုးတက်မှု မြင်ကွင်းများပါပေ။

အကောင်အထည်ဖော်

ဆက်လက်၍ စိုက်ပျိုးရေးကဏ္ဍအတွက် မယ်စဲ့မြို့နယ်ရှိ အကျိုးပြုဧက ၂၅၀ကို ဖော်ထုတ်ပေးမည့် ဟိုစဲ့ရေလွှဲဆည် တည်ဆောက်ရေးစီမံကိန်း၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍအတွက် ဖားဆောင်းမြို့နယ်၌ ၂၂၈ ပေရှိ ထူးချောင်းသံကူကွန်ကရစ်တံတား တည်ဆောက်ရေးစီမံကိန်း၊ ဆက်သွယ်ရေးကဏ္ဍအတွက် လွိုင်ကော်မြို့နယ်ရှိ CDMA ဖုန်းအလုံးရေ ၃၀၀ စီမံကိန်း၊ လျှပ်စစ်စွမ်းအားကဏ္ဍအတွက် လွိုင်ကော်မြို့နယ် လောပိတ ကျေးရွာရှိ ဘီလူးချောင်းအမှတ်(၃) ရေအားလျှပ်စစ်စီမံကိန်းနှင့် လွိုင်ကော်မြို့နယ်နှင့် ဖားဆောင်းမြို့နယ်ရှိ လွိုင်ကော်-ဖားဆောင်း ဓာတ်အားလိုင်း ၇၇ မိုင် တည်ဆောက်ခြင်း စီမံကိန်းများကို နိုင်ငံတော်က ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကန္တရဝတီ ငွေတောင်ပြည်သို့ ကျွန်တော် နောက်တစ်ကြိမ် ရောက်ရှိချိန်ဝယ် ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာဦးမည်မှာ မုချဧကန်ပင် ဖြစ်ပေမည်။

ထာဝစဉ်ထိန်းသိမ်း

ကန္တရဝတီ ငွေတောင်ပြည်အပါအဝင် ပြည်ထောင်စုကြီး ထာဝစဉ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်ထောင်စုကြီး ထာဝစဉ် တည်တံ့ခိုင်မြဲရေးအတွက် "ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ၊ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် မွေးမြူသွားကြရန် အလွန်အရေးကြီးပေသည်။ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်" ဟူသည့် ဩဝါဒနှင့်အညီ ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းတည်၍ ပြည်ထောင်စုသားတိုင်း ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြပါရန် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အခါသမယတွင် တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။ ။

ကယားပြည်နယ်တွင် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရန် နိုင်ငံတော်က ဖြည့်ဆည်းပေးလျက်ရှိရာ လယ်ယာမြေဧကများစွာကို စိုက်ပျိုးရေလုံလောက်စွာ ဖြန့်ဖြူးပေးဝေနေသည့် ဒီမောဆိုမြို့နယ် လွိုင်နန်းဖရွာအနီး လွိုင်နန်းဖရေလှောင်တမံကလည်း သိုလှောင်ရေပြည့်လျှံစွာ တည်ရှိနေမှုက ဒေသခံတိုင်းရင်းသားတောင်သူများအတွက် အားတက်ဖွယ်ရာပင်....။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

အရှေ့ပိုင်းဒေသများတွင် ညအပူချိန်လျော့နည်းနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၅

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိလျော့နည်းခဲ့ပြီး တနင်္သာရီတိုင်းတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ဒေသများတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ဖေဖော်ဝါရီ ၆ရက်ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၆-၂-၂၀၁၀
(စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ အတီးပြိုင်ပွဲ
- ၈:၀၅ ၇။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈:၁၅ ၈။ **လေ့ကားသုံးထစ်ဆင်းတဲ့အခါ**
- ၈:၂၅ ၉။ (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ ချစ်စရာ့အရွယ် ကစားကြမယ်
- ၁၁:၃၅ ၃။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၁၀ ၄။ Yan Can Cook
- ၁၂:၃၀ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ** (အပိုင်း-၆၉)
- ၁၃:၃၀ ၆။ **၂၀၀၇ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲ အခမ်းအနား**
- ၁၄:၃၀ ၇။ (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၁၄:၄၀ ၈။ International News
- ၁၄:၄၅ ၉။ တေးဂီတအစီအစဉ်
- ၁၅:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၄:၁၅ ၃။ ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲဘာသာရပ်ဆိုင်ရာ သင်ခန်းစာ(သင်္ချာဘာသာရပ်)
- ၄:၃၀ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
- ၄:၃၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄:၅၀ ၆။ တေးဂီတအစီအစဉ်
- ၅:၁၅ ၇။ **၂၀၀၈ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲအခမ်းအနား ကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်**
- ၈:၀၀ ၈။ ပြည်တွင်းသတင်း
- ၉။ နိုင်ငံတကာသတင်းများ
- ၁၀။ မိုးလေဝသအခြေအနေ
- ၁၁။ **၂၀၀၈ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲအခမ်းအနား ကျင်းပပုံ ထုတ်လွှင့်မှု အစီအစဉ်**
- ၁၂။ ဂီတတံခါးလေးဖွင့်ပါဦး
- ၁၃။ အစီအစဉ်ပြီး၏။

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြိ

ပင်လုံညီလာခံ၊ အမျိုးသားညီလာခံနှင့် ပြည်ထောင်စုမော်ကွန်း

လေ့လာသူတစ်ဦး

ပြည်ထောင်စုသား ညီနောင်များ ညီညွတ်ခြင်းသည် ဒို့အင်အား

မညီမညွတ် ငြင်းခုံခိုက်ရန် ဖြစ်ပွားခြင်းကို ပျက်စီးတတ်သော ဘေးဟုမြင်၍ ငြင်းခုံခိုက်ရန်မရှိ စည်းဝေးညီညွတ်ခြင်းကို ဘေးဘျမ်းမရှိ ချမ်းသာ၏ဟု မြင်ပြီး၍ ညီညွတ်ကုန်သည်၊ အပြေအပြစ်ရှိကြကုန်သည် ဖြစ်ကြကုန်ဟူ၍ ဘုရားအဆူဆူ ဆုံးမတော်မူ၏။

(ယောအတွင်းဝန်ဦးဖိုးလှိုင်)

မြန်မာနိုင်ငံသည် သမိုင်းအစဉ်အလာကြီးမားသော ပြည်ထောင်စုနိုင်ငံဖြစ်သည်။ တိုင်းရင်းသားပြည်သူ အပေါင်းတို့သည် အေးအတူပူအမျှ စည်းလုံးညီညွတ်စွာ ဥမကွဲသိုက်မပျက် တစ်သားတည်း နေထိုင်လျက်ရှိကြသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံအဖြစ် ထူထောင်ကာ ထည်ဝါစွာ ရပ်တည်လာခဲ့ပေသည်။

(၁၉)ရာစုနှစ်တွင် ကိုလိုနီနယ်ချဲ့တို့၏ သုံးကြိမ်တိုင်တိုင် ကျူးကျော်တိုက်ခိုက်မှုကြောင့် ၁၈၈၅ခုနှစ်၌ လွတ်လပ်ရေး လက်လွတ်ဆုံးရှုံးခဲ့ရသည်။ သို့ရာတွင် သူ့ကျွန်မခံ ခုခံရေးတိုက်ပွဲများကြောင့် မြန်မာတစ်ပြည်လုံးနှင့် ရှမ်းပြည်နယ်တောင်ပိုင်းရော မြောက်ပိုင်းကိုပါ ၁၈၈၈ခုနှစ် နှစ်ဦးပိုင်းကျမှ နယ်ချဲ့ဗြိတိသျှတို့ သိမ်းပိုက်နိုင်ခဲ့သည်။ ထိုအချိန်ကပင် မျိုးချစ်တိုင်းရင်းသားတို့၏ အမျိုးသားရေး ဇာတိမာန်ထက်သန်မှုကို သိမြင်နားလည်ခဲ့သော နယ်ချဲ့ဗြိတိသျှတို့က တိုင်းရင်းသားလူမျိုးများအတွင်း သွေးခွဲအုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးခဲ့လေသည်။

နယ်ချဲ့ဗြိတိသျှတို့သည် ရှမ်းပြည်ကို ပြည်မနှင့်ခွဲကာ အိန္ဒိယဘုရင်ခံချုပ်က ရှမ်းပြည်နယ်များ ဥပဒေ The Shan State Act, 1888 Act, No. xv of 1888 ကို ထုတ်ပြန်ခဲ့သည်။

၁၈၉၈ ခုနှစ်တွင် အိန္ဒိယဘုရင်ခံချုပ်သည် မြန်မာနိုင်ငံ ဥပဒေများအက်ဥပဒေ The Burma Law Act, 1898 ကို ထုတ်ပြန်၍ ၁၈၈၈ခုနှစ် ရှမ်းပြည်နယ်များ ဥပဒေကို ရုပ်သိမ်းလိုက်သည်။ မြန်မာနိုင်ငံဥပဒေများ အက်ဥပဒေသည် မြန်မာတစ်နိုင်ငံလုံးအတွက် သက်ဆိုင်သော ပြဋ္ဌာန်းချက်အက်ဥပဒေဖြစ်ပြီး ရှမ်းပြည်နယ်နှင့် ပတ်သက်၍ကား ပုဒ်မ ၁၀၊ ၁၁ နှင့် ၁၂ ဟူသည့် ပြဋ္ဌာန်းချက်များ ထားရှိခဲ့သည်။

ထိုရှမ်းပြည် ပုဒ်မ ၁၀ အစရှိသော ခွဲခြားပြဋ္ဌာန်းချက်များကြောင့်ပင် အုပ်ချုပ်ရေးဥပဒေ အာဏာသက်ရောက်ရေးကိစ္စတွင် ရှမ်းပြည်သည် ပြည်မနှင့်မတူ တသီးတခြား ဖြစ်ခဲ့သည်။

အိန္ဒိယဘုရင်ခံချုပ်သည် ၁၉၂၂ခုနှစ် အောက်တိုဘာလ ၁ရက်နေ့၌ အမိန့်ကြော်ငြာစာအမှတ် အက်/၂၀ အဖြေင့် ရှမ်းပြည်နယ်ကို 'ခေတ်နောက်ကျနယ်မြေ' Backward Tract ဟု သတ်မှတ်လိုက်ပြန်သည်။ ဤသည်မှာ မြန်မာပြည်မှ အမျိုးသားရေးလှုပ်ရှားမှုများနှင့် နိုင်ငံရေးနိုးကြားတက်ကြွမှုများ ရှမ်းပြည်တွင်းသို့ ပျံ့နှံ့မလာစေရန် တစ်ဆင့်တက်ပြီး ရှမ်းပြည်နယ်နှင့် ပြည်မကို ခွဲပစ်လိုက်ခြင်း ဖြစ်လေသည်။

ရှမ်းပြည်ကို ခေတ်နောက်ကျနေသောနယ်မြေဟု သတ်မှတ်လိုက်သဖြင့် မြန်မာပြည် ဥပဒေပြုကောင်စီက ပြဋ္ဌာန်းသမျှ အက်ဥပဒေများသည် ရှမ်းပြည်တွင် သက်ဆိုင်ခြင်းမရှိပေ။ ရှမ်းပြည်အတွက် အသုံးစရိတ်ကုန်ကျငွေကိုလည်း ဥပဒေပြုကောင်စီသို့ တင်သွင်းဆွေးနွေးရန်မလိုဘဲ ဘုရင်ခံက ၎င်း၏ သဘောအလျောက်ပြုလုပ်နိုင်လေသည်။

၁၉၂၃ ခုနှစ် မေလ ၁၀ရက်နေ့တွင် နိုင်ငံရေးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၁၇ အရ စော်ဘွားများကောင်စီ The Federal Council of Shan Chiefs. ဖွဲ့ခွင့်ရသည်။ ထိုကောင်စီမှာ ဥပဒေပြုနိုင်ခွင့်မရှိဘဲ အကြံဉာဏ်မျှသာပေးနိုင်သော ကောင်စီဖြစ်သည်။

၁၉၃၅ ခုနှစ် မြန်မာနိုင်ငံအစိုးရ အက်ဥပဒေအရ ဖယားဝင်နယ်ဟူ၍ ပေါ်လာပြန်သည်။ ဖယားဝင်နယ်မှာ နှစ်ပိုင်းရှိ၍ တစ်ပိုင်းသည် ရှမ်းပြည်ဖြစ်နေပြန်သည်။

ဤသို့ဖြင့် သီးသန့်ကိစ္စများ Reserved Subjects ဟု ခေါ်သော ကာကွယ်ရေး၊ နိုင်ငံခြားရေး၊ ငွေရေးကြေးရေးနှင့် စပ်လျဉ်းသည့်မူဝါဒ၊ ခရစ်ယာန်ဘာသာရေးနှင့် 'ဖယားဝင်နယ်များ' ကိစ္စကို မြန်မာပြည် အစိုးရအဖွဲ့တို့နှင့် မတိုင်ပင်ဘဲ ဘုရင်ခံက တိုက်ရိုက်တာဝန်ယူ ဆောင်ရွက်သည်။ ပြည်နယ်နှင့်ပြည်မ ကွဲသည်ထက်ကွဲအောင် နယ်ချဲ့ဗြိတိသျှတို့က လုပ်ဆောင်ခဲ့ခြင်းဖြစ်ပေသည်။

ဤအုပ်ချုပ်ရေးစနစ်ဖြင့် ရှမ်းပြည်သည် ဂျပန်စစ်တပ် တောင်ကြီးမြို့ကို သိမ်းသည့် ၁၉၄၂ခုနှစ် ဧပြီလ ၂၈ရက်နေ့အထိ အင်္ဂလိပ်လက်အောက်တွင် 'ဖယားဝင်နယ်မြေ' အဖြစ် အုပ်ချုပ်ရေးရော နိုင်ငံရေးပါ မြန်မာတို့နှင့် တသီးတခြား တည်ရှိခဲ့ရသည်။

ယင်းသို့ နယ်ချဲ့တို့က ပထဝီတောတောင်ရေမြေအရ ရေခြားမြေခြားဖြစ်အောင်၊ အုပ်ချုပ်ရေးအရ လူခြားမူခြားဖြစ်အောင် ခွဲခြားစိတ်ဖြာခဲ့သော်လည်း ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏ အမျိုးသားရေးစိတ်ဓာတ်မှာ ရေကိုသား၍အကြားမထင်သလို ဖြစ်ခဲ့သည်။ တိုင်းရင်းသားပြည်သူတို့၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲများကို ညီညာဖြဖြ ဆင်နွှဲခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးပြီးနောက် မြန်မာနိုင်ငံသို့ ပြန်ရောက်လာသော နယ်ချဲ့ဗြိတိသျှစစ်ပြေးအစိုးရသည် အိန္ဒိယနိုင်ငံ ဆင်မလားမြို့တွင် ရေးဆွဲခဲ့သည့် စက္ကူဖြူစာတမ်းပါ အချက်များနှင့်အညီ တောင်တန်းဒေသများအား ဘုရင်ခံ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိခဲ့ပြန်သည်။ ရည်ရွယ်ချက်မှာ စစ်မဖြစ်မီကကဲ့သို့ပင် တောင်တန်းဒေသများအား မြန်မာပြည်မကြီးမှ ခွဲခြားအုပ်ချုပ်ရန်သာမက မတတ်သာ၍ ပြည်မကြီးအား လွတ်လပ်ရေးပေးလိုက်ရသည့်တိုင် မြန်မာနိုင်ငံ အကျယ်အဝန်း၏ ၄၃ရာခိုင်နှုန်းနီးပါးခန့်ရှိသည့် တောင်တန်းဒေသများကို ကိုလိုနီအဖြစ် ဆက်လက်အုပ်စိုးနိုင်ရန် ဖြစ်လေသည်။

ဗြိတိသျှအစိုးရသည် ၁၉၄၅ခုနှစ် မေလ ၁၇ရက်နေ့၌ "မြန်မာပြည်အတွက် ဗြိတိသျှဓနသဟာယ အဖွဲ့ဝင်ဖြစ်သည့် ကိုယ်ပိုင်အုပ်ချုပ်သည့် တိုင်းပြည်အဖြစ် အနာဂတ်ကာလအတွက် ရည်မှန်းချက်ထား၍ ထိုရည်မှန်းချက်သည် 'ဖယားဝင်ဒေသများ' နှင့် မသက်ဆိုင်ဘဲ ထိုဒေသများတွင် နေထိုင်သည့် နယ်သူနယ်သားများက မြန်မာပြည်နှင့် ပူးပေါင်းရန်ဆန္ဒရှိသည့်အခါ ပူးပေါင်းရန်အခြေအနေသို့ ရောက်သည့်အခါတိုင်အောင် ထိုဒေသများကို ဘုရင်ခံ၏သီးသန့်အုပ်ချုပ်မှု အောက်တွင်ထားရန်" ဟု ကြေညာခဲ့သည်။

> **"တစ်တိုင်းပြည်လုံး ကြီးပွားချမ်းသာချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့် ရှိမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြား၊ အကွဲကွဲ အပြားပြား လုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်"**
>
> *(ဗိုလ်ချုပ်အောင်ဆန်း)*

သို့သော် နယ်ချဲ့ဗြိတိသျှတို့ ပြန်ဝင်လာချိန်၌ တောင်တန်းဒေသများအပါအဝင် မြန်မာတစ်နိုင်ငံလုံးသည် မြန်မာ့သမိုင်းတွင် တစ်ခါမျှ မကြုံစဖူး စည်းလုံးညီညွတ်နေခဲ့ကြပြီဖြစ်သည်။

မြန်မာတိုင်းရင်းသား ပြည်သူတို့သည် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ဖဆပလအဖွဲ့ချုပ်၏ဦးဆောင်မှုဖြင့် နေသူရိန် အစည်းအဝေး၊ ရွှေတိဂုံအလယ်ပစ္စယံအစည်းအဝေး (၁၈-၁၁-၄၅)၊ ရွှေတိဂုံအလယ်ပစ္စယံညီလာခံ(၂၀-၁-၄၆)တို့ကို ဆက်တိုက်ကျင်းပပြီး ဗြိတိသျှနယ်ချဲ့သမားကို တန်ပြန်တိုက်ပွဲ ဆင်နိုင်ခဲ့သည်။

၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၂၀ရက်နေ့ ရွှေတိဂုံအလယ်ပစ္စယံ ဖဆပလညီလာခံတွင်-

၁။ အင်္ဂလိပ်တို့ ဗမာပြည်ကို သိမ်းပိုက်သောအခါက ရှမ်းပြည်ကိုပါ တစ်ပါတည်း သိမ်းပိုက်ခဲ့ကြောင်း၊ ယခု ဗမာပြည်ကို လက်လွတ်ရမည့်အခါသို့ ရောက်သောအခါ ရှမ်းပြည်ကို မချန်ထားဘဲ တစ်ပါတည်း လက်လွှတ်သင့်ပါကြောင်း။

၂။ ဗမာပြည်နှင့် ရှမ်းပြည်လွတ်လပ်ရေးကိစ္စကြီးတွင် ရှမ်းပြည်ခေါင်းဆောင်များနှင့် ဗမာပြည်ခေါင်းဆောင်များသာ ဆွေးနွေးသင့်ကြောင်း၊ တတိယပါတီ မပါဝင်သင့်ကြောင်း။

၃။ ရှမ်းပြည်ခေါင်းဆောင်များနှင့် ဗမာပြည်ခေါင်းဆောင်များ မတွေ့နိုင်အောင်လုပ်ထားသော နယ်နှင်ဥပဒေကို ဖျက်သိမ်းသင့်ကြောင်း"

စသည့် သဘောအချုပ်ပါဝင်သော အဆိုတစ်ရပ်ကိုပင် တင်သွင်းဆုံးဖြတ်နိုင်ခဲ့သည်။

ယင်းဆုံးဖြတ်ချက်ကို တစ်ပြည်လုံးရှိ တိုင်းရင်းသားအဖွဲ့အစည်းအားလုံးသို့ပေးပို့ကာ အချင်းချင်းညှိနှိုင်း တိုင်ပင်စေခြင်းဖြင့်လည်း ဤညီလာခံကြီး ပြီးဆုံးပြီးနောက်တွင် မြန်မာတစ်မျိုးသားလုံး ပို၍ပို၍ စည်းလုံးညီညွတ် လာခဲ့ကြသည်။

ဤအချိန်အထိ နယ်ချဲ့ဗြိတိသျှတို့ကလည်း အလျှော့မပေးခဲ့ပေ။ ၁၉၄၆ခုနှစ် ဇန်နဝါရီလအတွင်းမှာပင် ဘုရင်ခံဆာရယ်ဂျီနယ် ဒေါ်မန်စမစ်သည် မြစ်ကြီးနားမြို့သို့ သွားရောက်၍ ကချင်တိုင်းရင်းသားများအား "စက္ကူဖြူစီမံကိန်းအရဆိုလျှင် တောင်တန်းဒေသများသည် တိုင်းရင်းသားများ သဘောမတူပါက မြန်မာပြည်မကြီးနှင့်အတူ လွတ်လပ်ရေးမယူဘဲ ခွဲထွက်နေနိုင်သည်" ဟု ဟောပြောဆွဲဆောင်ဆဲပင်ရှိခဲ့သည်။

ပထမအကြိမ်ဖြစ်သော ရှမ်းပြည်စော်ဘွားများညီလာခံကို ပင်လုံ၌ ၁၉၄၆ခုနှစ် ဇန်နဝါရီလတွင် ကျင်းပသည်။ အဆိုပါ စော်ဘွားများညီလာခံသို့ မြန်မာကိုယ်စားလှယ်များသွားရောက်၍ လွတ်လပ်ရေးတောင်းဆိုရေးသဘောထားနှင့် တိုင်းရင်းသားများနှင့်ပတ်သက်၍ မြန်မာနှင့်အတူ တောင်တန်းဒေသများအပါအဝင် လွတ်လပ်ရေးကို အတူတကွရယူရန် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ ထိုမှတစ်ဆင့် ဗြိတိသျှနယ်ချဲ့သမား၏ ဝါဒဖြန့်မှုကြောင့် နားယောင်လျက်ရှိသော တိုင်းရင်းသားခေါင်းဆောင်အချို့နှင့် ပွင့်ပွင့်လင်းလင်းဆွေးနွေးခွင့် ရရှိခဲ့သဖြင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၆ရက်၊ ၇ရက်နေ့၌ ကျင်းပသော ပင်လုံညီလာခံတွင် ရှမ်း၊ ကချင်၊ ချင်း စသည့် တိုင်းရင်းသားခေါင်းဆောင်များနှင့် မြန်မာကိုယ်စားလှယ်တို့သည် အောက်ပါသဘောတူညီချက်ကိုရရှိကာ ပင်လုံညီလာခံဥက္ကဋ္ဌ တောင်ပိုင်းစော်ဘွားကြီး စောခွန်ပန်းစိန်က မြန်မာပြည်အသံလွှင့်ရုံသို့ကြေညာရန် အောက်ပါအတိုင်း သံကြိုးရိုက်ခဲ့သည်-

(၁) မြန်မာများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ရှမ်း၊ ကချင်၊ ချင်း စသည့် တိုင်းရင်းသားအမျိုးသားတို့၏ လွတ်လပ်ရေးသည် ပိုမိုလျင်မြန်စွာ ရရှိလိမ့်မည်ဟု ယုံကြည်ကြောင်း။

(၂) ဒီမိုကရေစီနည်းစနစ်အရ မြန်မာလူမျိုးတို့ ရရှိခံစားနေသည့် အဆင့်အတန်း အခွင့်အရေးများနှင့် အကျိုးစီးပွားများကဲ့သို့ ရှမ်း၊ ကချင်၊ ချင်း စသည့် တိုင်းရင်းသားလူမျိုးတို့လည်း ရရှိခံစားရန် လိုလားကြောင်း။

(၃) ရှမ်း၊ ကချင်၊ ချင်း စသော အမှုဆောင်ဝန်ကြီးများသည် မိမိတို့နှင့် သက်ဆိုင်ရာ ပြည်တွင်းရေးကိစ္စ အဝဝတို့တွင် မိမိတို့သာလျှင် တာဝန်ခံ၍ အများနှင့်သက်ဆိုင်သော ကိစ္စများ၊ ကာကွယ်ရေး၊ နိုင်ငံခြားရေး၊ မီးရထား၊ ဆိပ်ကမ်းတို့ကို မြန်မာများနှင့် ပူးပေါင်းတာဝန်ခံလိုကြောင်း။

ဤသို့ အဘက်ဘက်မှ ဝိုင်းဝန်းကြိုးပမ်း ပူးပေါင်းဆောင်ရွက်မှုကြောင့်ပင် ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ရက်နေ့တွင် ချုပ်ဆိုခဲ့သော အောင်ဆန်း-အက်တလီစာချုပ်၌ တောင်တန်းဒေသကိစ္စကို စာချုပ်ဝင်သဘောတူညီချက် အချက်(၈)အဖြစ် ထည့်သွင်းချုပ်ဆိုနိုင်ခဲ့သည်။

သို့နှင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၆ရက်နေ့မှစ၍ ကျင်းပခဲ့သော ပင်လုံညီလာခံရက်များအတွင်း၌ တောင်တန်းဒေသ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များသည် မြန်မာပြည်မကြီးနှင့် တပူးတပေါင်းတည်း လွတ်လပ်ရေးယူရန် ဆုံးဖြတ်နိုင်ခဲ့ကြပြီး ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့ နံနက် ၁၀နာရီအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တောင်တန်းဒေသကိုယ်စားလှယ် (၂၁)ဦးတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံအား မွေးဖွားပေါ်ပေါက်လာစေခဲ့သည့် ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးခဲ့ကြသည်။

သို့သော် နယ်ချဲ့ဗြိတိသျှတို့က ပင်လုံစာချုပ်ကြီး၏ ပြည်ထောင်စုစိတ်ဓာတ်၊ ပြည်ထောင်စုဆန္ဒ၊ ပြည်ထောင်စု ရည်မှန်းချက်တို့ကို လိုက်လိုက်လျောလျော အသိအမှတ်မပြုလိုသေးပေ။ ရှမ်း၊ ကချင်၊ ဗမာတို့၏ ဆန္ဒသဘောထားအပြင် နယ်စပ်ဒေသ၊ တောင်တန်းဒေသများမှ တိုင်းရင်းသားလူမျိုးစုများ၏ ဆန္ဒကို သိလိုသေးသည်ဟု 'ထစ်' လာပြန်သည်။

သို့ဖြင့် ဗြိတိန်ပါလီမန် လေဘာပါတီအမတ် ဒုဗိုလ်မှူးကြီးဒီအာရီးစ်ဝီလျံစ် ခေါင်းဆောင်သော နယ်စပ်ဒေသ စုံစမ်းရေးကော်မရှင်ကို ဖွဲ့စည်းလိုက်ပြီး ရန်ကုန်နှင့် မြန်မာတစ်ပြည်လုံးတွင် လူထုကိုယ်စားလှယ်များကို တွေ့ဆုံမေးမြန်းစေသည်။

ထိုကော်မရှင်တွင် မြန်မာခေါင်းဆောင်များဖြစ်သော သခင်နု၊ စောစံထွန်း၊ ဦးတင်ထွဋ်၊ ဆမားဒူးဝါး ဆင်ဝါးနော်၊ ဗိုလ်ခင်မောင်လေး၊ ဦးဝမ်ကိုဟော၊ ဦးမြင့်သိန်းနှင့် စောစံကေးတို့ ပါဝင်ကြသည်။ ကော်မရှင်အတွင်းရေးမှူးအဖြစ် မစ္စတာဒဗလျူဘီဂျေလက်ဒဝစ်ချ်က ဆောင်ရွက်ပြီး တွဲဖက်အတွင်းရေးမှူးအဖြစ် ဦးထွန်းဖေ၊ လက်ထောက်အတွင်းရေးမှူးအဖြစ် ဗိုလ်မှူးရှမ်းလုံတို့က ဆောင်ရွက်ခဲ့ကြသည်။

နယ်စပ်ဒေသစုံစမ်းရေးကော်မရှင်သည် တိုင်းရင်းသားလူမျိုးများအားလုံး၏ တညီတညွတ်တည်းသော သဘောဆန္ဒကို မကြွေမရှောင်သာ ဘွားဘွားကြီး ရင်ဆိုင်တွေ့လိုက်ရသည်။

ထို့ကြောင့် ထိုကော်မရှင်၏ အစီရင်ခံစာကို တင်သွင်းရာတွင် ရှမ်းပြည်နယ်နှင့် ကချင်တောင်တန်းဒေသက ပြည်ထောင်စုမြန်မာနိုင်ငံ

ဖွဲ့စည်းရေးကို ထက်ထက်သန်သန်လိုလားသ
က ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ပြည်နယ
သည်။ ဆွမ်မရာဒေသ၊ သောင်သွပ်၊ ဆင်က
(နာဂတောင်တန်း)တို့က မြန်မာပြည်မတွင်
(ကယား)ပြည်နယ်က တိုင်းပြုပြည်ပြု လွတ်
လိုသည်။ သံလွင်ဒိစတြိတ် (ကော်သူးလေပြ
မြန်မာနိုင်ငံတွင် ပါဝင်လိုသည်ဟု ရေးသ

ဤသို့လျှင် တိုင်းရင်းသားပြည်သူတို့က
တည်ထောင်ရေးကို တစ်ခဲနက်တည်း၊ တညီ
လိုက်ကြရာ နယ်စပ်ဒေသ စုံစမ်းရေးကော်မ
ပွင့်လင်းစွာ ဖော်ထုတ်အစီရင်ခံရုံမှတစ်ပါး

ထိုအစီရင်ခံစာပါ အချက်အလက်များကို
ဖွဲ့စည်းအုပ်ချုပ်ပုံ စည်းမျဉ်းရေးဆွဲရာတွင်
ထည့်သွင်းရေးဆွဲခဲ့ပြီး ၁၉၄၇ခုနှစ် ဇွန် ၁၇ရက်
အစည်းအဝေးသို့ အမျိုးသားခေါင်းဆောင်ကြ
ဖွဲ့စည်းအုပ်ချုပ်ပုံ စည်းမျဉ်းအခြေခံမူများကို
ခဲ့သည်-

နယ်စပ်ဒေသ နယ်ပယ်များနှင့် ကရင်နီ
မြန်မာနိုင်ငံတော် တိုင်းသူပြည်သားတို့၏
သည် ပြည်သူလူထု၏ဆန္ဒနှင့်အညီ နိုင်ငံဖွဲ့စည
တစ်ရပ်ကို ရေးဆွဲဖန်တီးရန်အလို့ငှာ ဤနေရာ
ဆုံးဖြတ်ချက်များကို ချမှတ်ကြသည်။

အာဏာပိုင်သမ္မတနိုင

၁။ ဤနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ
ပြည်ထောင်စု နိုင်ငံတော်" ဟုခေါ်တွ
သော အချုပ်အခြာအာဏာပိုင် သမ္မ
အုပ်ချုပ်ပုံ အခြေခံဥပဒေ ဖြစ်ရမည်

ပါဝင်မည့် ပြည်နယ်မ

၂။ ဤပြည်ထောင်စုနိုင်ငံတွင် ဤနိုင်ငံ
ဥပဒေ၌ သေချာစွာဖော်ပြထားရှိသော
စေရမည်။ ထိုပြည်နယ်ဒေသတို့တွင်
အခြေခံဥပဒေ၌ သတ်မှတ်ပြဋ္ဌာန်းထား
အာဏာများ ရှိစေရမည်။

တေဇာနှင့် အာဏာ

၃။ ဤလွတ်လပ်သော အချုပ်အခြာအာ
နိုင်ငံသည်လည်းကောင်း၊ ထိုနိုင်ငံအ
သည်လည်းကောင်း၊ ထိုနိုင်ငံ၏ အ
ကောင်း အသီးသီးတို့သည် မိမိတို့၏
အားလုံးကို တိုင်းသူပြည်သားတို့ထံမှ

ပြည်ထောင်စု ဒို့ဝ

* ပြည်ထောင်စု ဒို့တိုင်းပြည်။
ညီနောင်တွေ တည်ထောင်ပြု
ပေါင်းစု ခိုင်ကျည်။
ရှမ်း, ကယား ချင်း, ကချင်နဲ့
ရခိုင်, ကရင် မွန်, ဗမာ မခွဲ
လက်တွဲလို့ ချစ်ခွန်းသီ
နှစ်ထောင်ချီ သမိုင်းကြောင်း။
ကောင်းမွေလည်းစုံ
ဆိုးမွေလည်း မျှဝေခံလို့
ဖွဲ့အားမာန် အတူတင်းကာ
ရင်းနှီးဆင့်လောင်း။

* ပြည်ထော
ဘေးစက
သွေးစက
ဆတိုး
အေးအတူ
အတူတက
သာသည
တစ်အူထုံ
ညီရင်းအ
ဆောင်နှ
သယ်ပိုးဉ

* ပြည်ထောင်စု ဒို့တိုင်းပြည်။
အရေးကြီးလျှင် သွေးနီးလို့
စုစည်းညီ ဘယ်မပျက်
ရှေ့ဆက်ခဲ့သည်။
ထင်းစည်း ပမာယူလို့
မခွာအတူ လက်ချင်းယှက်
အသက်ချင်းလည်း ဆက်ခဲ့ပြီ
ယုံကြည်ချက် မသွေစတမ်း။
လမ်းဖောက်အတူ
လှမ်းလျှောက်လည်းအတူတူပေါ့
သူမချန် ငါမဖောက်
ရောက်လှ လက်ကမ်း။

* ပြည်ထော
လက်စုံဆ
တက်ကုန်
လော်ကြ
ပြည်ထော
ခရီးဆုံး
လှမ်းပြိုင
မုန်တိုင်း
မဖောက်
ခွဲနှင့်

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂု

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

ဖွဲ့စည်းရေးကို ထက်ထက်သန်သန်လိုလားသည်။ ချင်းတောင်တန်းဒေသက ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ပြည်နယ်တစ်နယ်အဖြစ် ပါဝင်လိုသည်။ ဆွမ်မရာဒေသ၊ သောင်သွပ်၊ ဆင်ကလိန်၊ ခန္တီးနှင့် ဟုမ္မလင်း (နာဂတောင်တန်း)တို့က မြန်မာပြည်မတွင် ပါဝင်လိုသည်။ ကရင်နီ (ကယား)ပြည်နယ်က တိုင်းပြုပြည်ပြုလွှတ်တော်တွင် ပါဝင်ညှိနှိုင်းလိုသည်။ သံလွင်ဒီစတြိတ် (ကော်သူးလေပြည်နယ်)က ပြည်ထောင်စုမြန်မာနိုင်ငံတွင် ပါဝင်လိုသည်ဟု ရေးသားဖော်ပြခဲ့ရသည်။

ဤသို့လျှင် တိုင်းရင်းသားပြည်သူတို့က ပြည်ထောင်စုကြီး ဖွဲ့စည်းတည်ထောင်ရေးကို တစ်ခဲနက်တည်း၊ တညီတညွတ်တည်း ဖော်ထုတ်လိုက်ကြရာ နယ်စပ်ဒေသ စုံစမ်းရေးကော်မရှင်အနေဖြင့် ထိုဆန္ဒမှန်ကို ပွင့်လင်းစွာ ဖော်ထုတ်အစီရင်ခံရုံမှတစ်ပါး အခြားမရှိခဲ့တော့ပေ။

ထိုအစီရင်ခံစာပါ အချက်အလက်များကိုပါ ပြည်ထောင်စုအခြေခံဖွဲ့စည်းအုပ်ချုပ်ပုံ စည်းမျဉ်းရေးဆွဲရာတွင် လိုအပ်သလို ဖြည့်စွက်ထည့်သွင်းရေးဆွဲခဲ့ပြီး ၁၉၄၇ခုနှစ် ဇွန် ၁၇ရက် တိုင်းပြုပြည်ပြုလွှတ်တော်အစည်းအဝေးသို့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ဖွဲ့စည်းအုပ်ချုပ်ပုံ စည်းမျဉ်းအခြေခံမူများကို အောက်ပါအတိုင်းတင်သွင်းခဲ့သည်-

နယ်စပ်ဒေသ နယ်ပယ်များနှင့် ကရင်နီနယ်ပယ်များ ပါဝင်သော မြန်မာနိုင်ငံတော် တိုင်းသူပြည်သားတို့၏ ကိုယ်စားလှယ် အမတ်များသည် ပြည်သူလူထု၏ဆန္ဒနှင့်အညီ နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတစ်ရပ်ကို ရေးဆွဲဖန်တီးရန်အလို့ငှာ ဤနေရာ၌ စုဝေးကြ၍ အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်ကြသည်။

အာဏာပိုင်သမ္မတနိုင်ငံ

၁။ ဤနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် ''မြန်မာပြည်ထောင်စု နိုင်ငံတော်''ဟုခေါ်တွင်မည်ဖြစ်သော လွတ်လပ်သော အချုပ်အခြာအာဏာပိုင် သမ္မတနိုင်ငံ၏ နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ဖြစ်ရမည်။

ပါဝင်မည့် ပြည်နယ်များ

၂။ ဤပြည်ထောင်စုနိုင်ငံတွင် ဤနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၌ သေချာစွာဖော်ပြထားရှိသော ပြည်နယ်ဒေသများ ပါဝင်စေရမည်။ ထိုပြည်နယ်ဒေသတို့တွင် နိုင်ငံဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေ၌ သတ်မှတ်ပြဋ္ဌာန်းထားသော ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာများ ရှိစေရမည်။

တေဇာနှင့် အာဏာ

၃။ ဤလွတ်လပ်သော အချုပ်အခြာအာဏာပိုင် မြန်မာသမ္မတနိုင်ငံသည်လည်းကောင်း၊ ထိုနိုင်ငံအဖွဲ့ဝင် ပြည်နယ်ဒေသများသည်လည်းကောင်း၊ ထိုနိုင်ငံ၏ အစိုးရဌာနများသည် လည်းကောင်း အသီးသီးတို့သည် မိမိတို့၏ တန်ခိုးတေဇာနှင့် အာဏာအားလုံးကို တိုင်းသူပြည်သားတို့ထံမှ ထုတ်နုတ်၍ ယူရမည်။

တရားမျှတမှုနှင့် လွတ်လပ်မှု

၄။ ဤနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် နိုင်ငံရေးတရားမျှတမှု၊ လူမှုဆက်ဆံရေး တရားမျှတမှု၊ စီးပွားရေးတရားမျှတမှု၊ အဆင့်အတန်းတူညီမှု၊ အခွင့်အလမ်းတူညီမှု၊ တရားဥပဒေအရတူညီမှု၊ တရားဥပဒေနှင့်လည်းကောင်း၊ လောကဝတ်ဓမ္မဝတ်တို့နှင့်လည်းကောင်း၊ သင့်မြတ်လျော်ကန်စေရမည်ဖြစ်သော လွတ်လပ်စွာ တွေးကြံနိုင်မှု၊ လွတ်လပ်စွာ ဖွင့်ဟရေးသားဖော်ပြမှု၊ လွတ်လပ်စွာ ယုံကြည်နိုင်မှု၊ လွတ်လပ်စွာ ကိုးကွယ်နိုင်မှု၊ လွတ်လပ်စွာ ဘုရားကျောင်းကန်သွားလာဝတ်ပြုနိုင်မှု၊ လွတ်လပ်စွာ ပရိယေသန ရှာမှီးနိုင်မှု၊ လွတ်လပ်စွာ စည်းရုံးနိုင်မှု၊ လွတ်လပ်စွာ ပြုမူဆောင်ရွက်နိုင်မှုတို့ကို ပြည်ထောင်စုနိုင်ငံတော် ပြည်သူပြည်သားအပေါင်းတို့ရရှိအောင် အာမခံတာခံထားရမည်။

လူနည်းစု ကာကွယ်ချက်များ

၅။ ဤနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် လူနည်းစုများအတွက် လုံလောက်သော ကာကွယ်ချက်များကို ထည့်သွင်းပြဋ္ဌာန်း ထားရမည်။

ဂုဏ်သိက္ခာနှင့် အခွင့်အရေး

၆။ ဤလွတ်လပ်သော အချုပ်အခြာအာဏာပိုင် မြန်မာသမ္မတနိုင်ငံတော်၏ နယ်မြေတို့ တပေါင်းတစည်းတည်း ခိုင်မြဲခိုင်ခံ့လျက်ရှိသည်ဟူသော ဂုဏ်သိက္ခာကို လည်းကောင်း၊ နိုင်ငံတော်၏ ကြည်း-ရေ-လေ တို့ကို အချုပ်အခြာစိုးမိုး အုပ်ချုပ်နိုင်သော အခွင့်အရေးတို့ကို လည်းကောင်း၊ တရားမျှတမှုနှင့် ပြည်ထောင်ချင်းချင်း ဥပဒေနှင့်အညီ ထိန်းသိမ်းစောင့်ရှောက်ထားရမည်။

စာမျက်နှာ ၁၀ ကော်လံ ၁

၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့

ဦးတည်ချက် (၅)ရပ်

၁။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

၂။ တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ် တားဆီးရေး၊

၄။ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက် ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

၅။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ အမျိုးသားညီလာခံကို မဆုတ်မနစ်သော ဇွဲလုံ့လဖြင့် ဆက်လက်ကျင်းပခဲ့ရာ ခိုင်မာသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန်အတွက် အခြေခံရမည့်မူများနှင့် အသေးစိတ် အခြေခံရမည့်မူများကို အနှစ်သာရပြည့်ဝစွာ ချမှတ်နိုင်ခဲ့သည်။ အမျိုးသားညီလာခံက ညှိနှိုင်းချမှတ်ခဲ့သောမူများသည် ပင်လုံညီလာခံ၏ ပြည်ထောင်စုစိတ်ဓာတ်၊ ပြည်ထောင်စုဆန္ဒနှင့် ပြည်ထောင်စုရည်မှန်းချက်များကို နိုင်ငံ၏ ပကတိအခြေအနေနှင့်အညီ ပိုမိုသက်ဝင်ပြည့်ဝအောင် ဖော်ဆောင်ပေးနိုင်ခဲ့။

ပြည်ထောင်စု ဒို့တိုင်းပြည်

* ပြည်ထောင်စု ဒို့တိုင်းပြည်။
ညီနောင်တွေ တည်ထောင်ပြု
ပေါင်းစု ခိုင်ကျည်။
ရှမ်း, ကယား ချင်း, ကချင်နဲ့
ရခိုင်, ကရင် မွန်, ဗမာ မခွဲ
လက်တွဲလို့ ချစ်ခွန်းသီ
နှစ်ထောင်ချီ သမိုင်းကြောင်း။
ကောင်းမွေလည်းစံ
ဆိုးမွေလည်း မျှဝေခံလို့
ဖွဲ့အားမာန် အတူတင်းကာ
ရင်းနှီးဆင့်လောင်း။

* ပြည်ထောင်စု ဒို့တိုင်းပြည်။
ဘေးစကား မယုံ
သွေးစကားသာ ဒို့ယုံကိုး
ဆတိုး ချစ်ကြည်။
အေးအတူ ပူအမျှ
အတူတကွ ကူမျှညီ
သာသည်နာသည် ဘယ်မရှိ။
တစ်အူထုံ့ဆင်း
ညီရင်းအစ်ကို မောင်ရင်းနှမပေမို့
ဆောင်နှင်းသမျှ အားလုံးအကျိုး
သယ်ပိုးညီဘိ။

* ပြည်ထောင်စု ဒို့တိုင်းပြည်။
အရေးကြီးလျှင် သွေးနီးလို့
စုစည်းညီ ဘယ်မပျက်
ရှေ့ဆက်ခဲ့သည်။
ထင်းစည်း ပမာယူလို့
မခွာအတူ လက်ချင်းယှက်
အသက်ချင်းလည်း ဆက်ခဲ့ပြီ
ယုံကြည်ချက် မသွေစတမ်း။
လမ်းဖောက်အတူ
လှမ်းလျှောက်လည်းအတူတူပေါ့
သူမချန် ငါမဖောက်
ရောက်လု လက်ကမ်း။

* ပြည်ထောင်စု ဒို့တိုင်းပြည်။
လက်စုံဆင့်ပါလို့
တက်ကုန်ဖွင့် အားမာန်ပြ
လော်ကြ ညီညီ။
ပြည်ထောင်စု ဒို့လှေကြီး
ခရီးဆုံး ပန်းတိုင်ရည်
လှမ်းပြိုင်ချီ လုံ့လပွား။
မုန်တိုင်းထန် လှိုင်းလေနှောက်စေတော့
မဖောက်ပြန် နောက်ချန်မခွဲ
ဖွဲ့နှင့် ကျော်လွှား။ ။

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုလျက်-

ဇော်မင်းမင်းဦး

စာမျက်နှာ ၉ မှ

နိုင်ငံတော် အဆင့်အတန်း

၇။ ရာဇဝင်တွင် ထင်ရှားခဲ့သော ဤမြန်မာနိုင်ငံတော်သည် ကမ္ဘာပေါ်တွင် ရသင့်ထိုက်သည်လည်းဖြစ်၍ ဂုဏ်ကျက်သရေနှင့်လည်းပြည့်စုံသော အဆင့်အတန်းကိုရရှိရမည်။ လူသတ္တဝါ ခပ်သိမ်းတို့၏ အကျိုးစီးပွားနှင့် တိုးတက်မှုတို့အတွက်လည်း မိမိဝတ္တရားဝန်ရှိသည့်အလျောက် အစွမ်းကုန်အားထုတ် ဆောင်ရွက်ရမည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ပြည်ထောင်ချင်းချင်း သင့်မြတ်ချစ်ကြည် ပူးပေါင်းဆောင်ရွက်ရေးတို့ကိုလည်း ပြည်ထောင်ချင်းချင်း တရားမျှတမှုနှင့် လောကဝတ်၊ ဓမ္မဝတ်တို့ကို အခြေထားကာ ခိုင်မြဲသော အမိဋ္ဌာန်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ရမည်။

ထို့ကြောင့်ပင် ၁၉၄၇ ခုနှစ် ဒီဇင်ဘာလ ၁၀ရက်နေ့တွင် ဗြိတိသျှပါလီမန်က မြန်မာနိုင်ငံလွတ်လပ်ရေးအက်ဥပဒေကို ပြဋ္ဌာန်းပေးခဲ့ရပြီး ထိုဥပဒေအရ ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက် နံနက် ၄နာရီ မိနစ်၂၀ အချိန်တွင် အချုပ်အခြာအာဏာကို ဗြိတိသျှအစိုးရထံမှ တောင်တန်းဒေသ(ဇယားဝင်နယ်မြေ)များနှင့် တစည်းတလုံးတည်းဖြစ်သော မြန်မာပြည်က လွှဲပြောင်းယူပြီး လွတ်လပ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အဖြစ် မော်ကွန်းထူနိုင်ခဲ့သည်။

ဤသို့ဖြင့် နယ်ချဲ့ဗြိတိသျှတို့ထံမှ လွတ်လပ်ရေးအမြန်ရရှိရန်အတွက် အလျင်အမြန်ရေးဆွဲခဲ့ရသည့် ပထမဆုံးသော မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၄၇ခုနှစ် စက်တင်ဘာလ ၂၄ရက်နေ့၌ တိုင်းပြုပြည်ပြုလွှတ်တော်က အတည်ပြု ပြဋ္ဌာန်းခဲ့သည်။ လွတ်လပ်ရေးရရှိသောအခါ အဆိုပါအခြေခံဥပဒေဖြင့် မြန်မာနိုင်ငံတွင် ပါလီမန် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ကျင့်သုံးခဲ့သည်။

သို့ရာတွင် နိုင်ငံတော်၌ ဒီမိုကရေစီစနစ်ကို ပီပြင်စွာ ကျင့်သုံးနိုင်မှုမရှိသဖြင့် ၁၉၇၄ခုနှစ်၌ လမ်းစဉ်ပါတီကို အခြေခံလျက် ဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ရပ်ရေးဆွဲပြီး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြု ပြဋ္ဌာန်းခဲ့သည်။ ထိုအခြေခံဥပဒေဖြင့် ဆိုရှယ်လစ်ဒီမိုကရေစီ နိုင်ငံတော်ထူထောင်ရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ၁၉၈၈ခုနှစ်၌ နိုင်ငံတော်၌ ဖြစ်ပေါ်ပြောင်းလဲလာသည့် အခြေအနေအရပ်ရပ်ကြောင့် အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေလည်း ရပ်ဆိုင်းသွားခဲ့ရသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ပြည်သူများ၏ ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကို မြန်မာနိုင်ငံ၌ လိုက်လျောညီထွေစွာ ကျင့်သုံးဖော်ဆောင်နိုင်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများကို ကြိုးပမ်းတည်ဆောက်ပေးခဲ့သည်။

အနာဂတ်နိုင်ငံတော်တွင် ရေရှည်အကျိုးရှိရန် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် မရှိမဖြစ်လိုအပ်သည့်အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ၁၉၉၃ခုနှစ်မှစ၍ အမျိုးသားညီလာခံကို ခေါ်ယူကျင်းပပေးခဲ့သည်။

အမျိုးသားညီလာခံတွင် နိုင်ငံရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဥပဒေရေးရာစသည့် ရှုထောင့်မျိုးစုံမှ အတွေ့အကြုံ ကြွယ်ဝသည့်ပုဂ္ဂိုလ်များ ပါဝင်သကဲ့သို့ နိုင်ငံတော်အတွင်းတည်ရှိသည့် မြို့နယ်အားလုံးမှ တိုင်းရင်းသားကိုယ်စားလှယ်များလည်း ပါဝင်ခဲ့ကြသည်။

၂၀၀၃ ခုနှစ်တွင် ချမှတ်ခဲ့သော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ အမျိုးသားညီလာခံကို မဆုတ်မနစ်သော ဇွဲလုံ့လဖြင့် ဆက်လက်ကျင်းပခဲ့ရာ ခိုင်မာသော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန်အတွက် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အနှစ်သာရပြည့်ဝစွာ ချမှတ်နိုင်ခဲ့သည်။ အမျိုးသားညီလာခံက ညှိနှိုင်းချမှတ်ခဲ့သောမူများသည် ပင်လုံညီလာခံ၏ ပြည်ထောင်စုစိတ်ဓာတ်၊ ပြည်ထောင်စုဆန္ဒနှင့် ပြည်ထောင်စုရည်မှန်းချက်များကို နိုင်ငံ၏ပကတိအခြေအနေနှင့်အညီ ပိုမိုသက်ဝင်ပြည့်ဝအောင် ဖော်ဆောင်ပေးနိုင်ခဲ့သည်။

ဆက်လက်၍ တိုင်းရင်းသားပြည်သူအပေါင်း၏ သဘောဆန္ဒအတိုင်း အမျိုးသားညီလာခံက ချမှတ်ပေးခဲ့သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခဲ့ကြပေသည်။

ယခုအခါ ကျွန်ုပ်တို့ တိုင်းရင်းသား ပြည်သူအပေါင်းတို့သည် -

- **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဦးတည်ချက်များကို အစဉ်တစိုက် မမှိတ်မသုန် စွဲမြဲစွာခံယူ စောင့်ထိန်းသွားမည်ဟု သန္နိဋ္ဌာန်ချမှတ်၍လည်းကောင်း၊**
- **နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားစေလျက် တိုင်းရင်းသားပြည်သူအများ ငြိမ်းချမ်းသာယာဝပြောရေးကို တည်တံ့ခိုင်မြဲအောင် စဉ်ဆက်မပြတ် ဆောင်ရွက်ထိန်းသိမ်းသွားကြမည်ဟု သန္နိဋ္ဌာန်ချမှတ်၍လည်းကောင်း၊**
- **နိုင်ငံတော်အတွင်း လူမျိုးရေးတန်းတူမှုဖြင့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်မြဲစွာမွေးမြူလျက် ထာဝစဉ် စည်းလုံးညီညွတ်စွာ အတူတကွ လက်တွဲနေထိုင်ကြမည်ဟု သန္နိဋ္ဌာန်ချမှတ်၍လည်းကောင်း၊**
- **ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းသင်းဆက်ဆံရေးကို ရှေးရှုလျက် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းရန် အစဉ်ကြိုးပမ်းကြမည်ဟု သန္နိဋ္ဌာန်ချမှတ်၍လည်းကောင်း။**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်)ကို ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကြီးဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပေသည်။

လွတ်လပ်ရေး ပြန်လည်ရယူပြီး အချုပ်အခြာပိုင်နိုင်ငံအဖြစ် ပြန်လည်ပေါ်ထွန်းအောင် ကြိုးပမ်းခဲ့ရသည့် ပြည်ထောင်စုမော်ကွန်းကို ဆန်းစစ်လျှင် ပင်လုံညီလာခံ၏ အနှစ်သာရများကို အမျိုးသားညီလာခံသို့ ဆက်လက်ဆောင်ကြဉ်းနိုင်ခဲ့ကြသည်။ တိုင်းရင်းသားလူမျိုးစုအသီးသီးအတွက် ပိုမိုကောင်းမွန်သည့် အဆင့်အတန်းနှင့် အခွင့်အလမ်းများကို သင့်တင့်မျှတစွာ ပိုမိုချမှတ်ပေးနိုင်ခဲ့ပြီ။ ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲပြီး အေးချမ်းသာယာသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးကို ခေတ်သစ် စနစ်သစ်နှင့်အညီ အတူတကွ ဝိုင်းဝန်းကြိုးပမ်း တည်ဆောက်သွားမည်ဟူသော အခြေခံကောင်း အကြောင်းတရားများ ရရှိနေပြီဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

မနုဖြူမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဖေဖော်ဝါရီ ၅

နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ဗဟန်းမြို့နယ် ၃လမ်း အဘိဓမ္မရတနာဃရဓမ္မဗိမာန်တော်၌ ကျင်းပမည်ဖြစ်ရာ ၂၀၀၉ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းဂုဏ်ထူးရ အသင်းသူ အသင်းသားများ၏ သားသမီးများ၊၂၀၀၉ခုနှစ် ဒီဇင်ဘာ ၃၁ရက်တွင် အသက် (၈၀)ပြည့်သည့် အသင်းသူ အသင်းသားများ၊ ၎င်းတို့၏ မိဘများစာရင်းကို သက်ဆိုင်ရာအမှုဆောင်များထံ စာရင်းပေးသွင်းရန်နှင့် လှူဒါန်းငွေများအား ဆက်သွယ်လှူဒါန်းနိုင်ရန် နှိုးဆော်ထားသည့် ဖိတ်ကြားစာနှင့်တကွ တက်ရောက်ကြရန်နှင့် ဖိတ်စာမရရှိပါကလည်း အသင်းဝင်ကတ်ပြားများကို ယူဆောင်၍ တက်ရောက်ကြရန်ဖြစ်ပြီး ဦးလှမြင့် ဖုန်း-၂၂၄၃၉၁၊ ဦးလှမြင့်(ရွှေအသစ်)ဖုန်း-၂၅၂၇၉၃၊ ဦးကျော်ရီ ဖုန်း-၅၄၁၈၂၃၊ ၀၉-၈၅-၄၃၁၆၅နှင့် ဦးကျော်သူ ဖုန်း-၂၂၃၆၃တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

ကြက်ငှက်တုပ်ကွေး ရောဂါဖြစ်ပွားမှု အတည်ပြုခြင်း

နေပြည်တော် ဖေဖော်ဝါရီ ၅

၁။ **ကြက်သေဆုံးမှု။** ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက်ရှိ ကြက်မွေးမြူရေးခြံတစ်ခြံတွင် ဥစားကြက် ကောင်ရေ ၂၅၀၀ခန့် မွေးမြူထားသည့်အနက် သံသယဖြစ်ဖွယ် သေဆုံးမှုရှိကြောင်း သတင်းရရှိသဖြင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးခဲ့သည်။

၂။ **ကြက်ငှက်တုပ်ကွေး ရောဂါဖြစ်ပွားမှုအတည်ပြုခြင်း။** အဆိုပါကြက်ခြံမှ ကြက်အသေများကို ဖေဖော်ဝါရီ ၂ရက်တွင် တစ်ကြိမ်၊ ၃ရက်တွင် တစ်ကြိမ် နမူနာရယူ၍ ရန်ကုန်တိရစ္ဆာန်ရောဂါရှာဖွေရေး ဓာတ်ခွဲခန်း၌ အမြန်စစ်ဆေးခြင်း(Rapid Test)နှင့် ဗီဇဆိုင်ရာ စစ်ဆေးခြင်း (PCR Test) နည်းလမ်းများဖြင့်စစ်ဆေးရာ အပြင်းစား ကြက်ငှက်တုပ်ကွေးရောဂါ(Highly Pathogenic Avian Influenza - HPAI) ဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့သည်။ ယင်းသို့စစ်ဆေးတွေ့ရှိချက်ကို ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၊ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE)နှင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသို့ အသိပေးအကြောင်းကြားပြီး ဖြစ်သည်။

၃။ **အရေးယူဆောင်ရွက်ချက်။** အဆိုပါကြက်ခြံမှ ကျန်ရှိကြက်များ၊ ကြက်ဥ၊ အစာများနှင့် ပတ်ဝန်းကျင်ရှိကြက်၊ ဘဲများကို ဖေဖော်ဝါရီ ၄ရက်တွင် သုတ်သင်ရှင်းလင်းခဲ့ပြီး ရောဂါထိန်းချုပ်ရေးနည်းလမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။

ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးသော မင်းရဲကျော်စွာလမ်း ကတ္တရာခင်းပြီးစီးမှုကို ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့်အဖွဲ့ ဇန်နဝါရီ ၂၅ရက်က ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးမော်လွင်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

News Watch (စောင့်ကြည့်ဂျာနယ်) ထွက်ပြီ

ရန်ကုန် ဖေဖော်ဝါရီ ၅

၂၀၀၈ အကယ်ဒမီပေးပွဲ အခမ်းအနား အချပ်ပိုပုံနှင့် စာများ တနင်္ဂနွေနေ့တွင် မေတ္တာလက်ဆောင်ပေးမည်ဖြစ်ရာ မိမိဝယ်ယူသော ဂျာနယ်ဆိုင်များ၌ တောင်းယူနိုင်ကြောင်း သိရသည်။

ပုဂ္ဂလိက ဓာတ်ဆီဒီဇယ်အရောင်းဆိုင်များ နေ့စဉ်ပေါက်ဈေး သတ်မှတ်ရောင်းချဖွယ်ရှိ၊ ပုဂ္ဂလိက အာမခံကုမ္ပဏီများ ထွက်ပေါ်တော့မည်လော၊ လမ်းမကြီးများဘေး လူမြင်မကောင်းသည့် ဈေးများကို အဆင့်မြင့်ဈေးအဖြစ် ပြောင်းလဲရန်စီစဉ်၊ အရောင်ပါ ကြွပ်ကြွပ်အိတ်များ ထုတ်လုပ်သယ်ဆောင်ရောင်းချသူများ အရေးယူခံရမည်၊ ဒိုင်နာပြေးခွင့်မရှိသော လမ်းကြောင်းများ မထသယာဉ်လိုင်းများ အစားထိုးပြေးဆွဲ၊ မြို့ပြသဘာဝကို ဖျက်ဆီးနေသည့် ကြော်ငြာဆိုင်းဘုတ်များ၊ မန္တလေးစည်ပင်လိုင်စင်ကြေးများ ပေးဆောင်ရန်ကျန်နေ၊ ဂီတစာဆိုမန္တလေးဦးဘသိန်း(ကွယ်လွန်)၊ သောင်ထွန်းလာမှုများပြားသဖြင့် ပြည်တွင်းရေယာဉ်များကို မိုးဇလမှ သတိပေး၊ ပြည်တွင်းလေကြောင်းများကိုပါ မိုးဇလမှ သတိပေး၊ အထူးယာဉ်လိုင်းများတွင် City Bus ၈၅စီး ဖြည့်တင်းပြေးဆွဲမည်၊ မော်တင်စွန်းဘုရားပွဲအတွက် ရေယာဉ်ခြောက်စင်း ပြေးဆွဲမည်၊ ဘုရားပွဲများမှ သနပ်ခါးတုံးအတုများ သတိထား၊ ရန်ကုန်မြို့လယ် တိုက်ခန်းနေခွင်းကြောင်တောင် အလစ်သုတ်၊ သကြားဈေးမြင့်လာ၊ သီဟိုဠ်စေ့များ ပြည်ပပို့၊ လူသားမျိုးနွယ်အစ မြန်မာက၊ မြန်မာ့ပထမဆုံး ဂျာနယ်ရှင်တမ်း၊ နေအိမ်အကျဉ်းကျနေတဲ့ မင်းသား၊ မင်းသမီး၊ မြန်မာဗီဒီယိုဝေဖန်ချက်၊ ဘီယွန်ဆေးဂရမ်မီဆုရခြင်း၊ အလုပ်တွေလုပ်လွန်းတဲ့ လီဂျွန်ကီး၊ ကိုရီးယားပေါ့ပ်စတား လီဟန်ကီး၊ Wonder Girls၊ တရုတ်စာ၊ တရုတ်စကားလေ့လာသူများအတွက်၊ တောင်နှင့် မြောက်ကိုရီးယား လွတ်လပ်စွာ ခရီးသွားနိုင်ရန်ဆွေးနွေး၊ လက်တင်အမေရိကမှာ ချီလီက နမူနာ၊ စောင့်ကြည့်ရမည့် အဏ္ဏဝါအီဘရာဟင်၊ မာဘီဆစ်ဝိဇ္ဇာဇီဝ၊ အောင်မြင်လိုသူတွေအတွက် ကျွမ်ဇီရဲ့ စကားလက်ဆောင်၊ ထက်ထက်မိုးဦး၊ ကောင်းခန့်တို့သတင်းများနှင့်အတူ အတွဲ (၅)၊ အမှတ် (၂၈)ကို ထုတ်ဝေဖြန့်ချိမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ လူနာသစ်လေးဦးထပ်မံတွေ့ရှိ

ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၅

ချင်းပြည်နယ် ဖလမ်းမြို့နယ်အတွင်းရှိ ကျေးရွာတစ်ရွာတွင် ဖျားခြင်း၊ လည်ပင်းနာခြင်း၊ ချောင်းဆိုးခြင်းလက္ခဏာများ ကလေးလူကြီးအချို့တွင် ဖြစ်ပွားလျက်ရှိကြောင်း သတင်းရရှိသဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ရောဂါဖြစ်ပွားမှုကို အသေးစိတ်စစ်ဆေးရန် အထူးကုဆရာဝန်ကြီးများပါဝင်သော ရောဂါကာကွယ်နှိမ်နင်းရေးအဖွဲ့အား စေလွှတ်ခဲ့သည်။ ရောဂါနှိမ်နင်းရေးအဖွဲ့သည် ရောဂါဖြစ်ပွားပုံ အသေးစိတ်စိစစ်ခြင်း၊ လူနာသစ်ရှာဖွေခြင်း၊ ထိရောက်သောကုသမှုပေးခြင်းနှင့် လူနာများ၏ ဓာတ်ခွဲနမူနာများ ရယူစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ လူနာလေးဦးတွင် New Influenza A(H1N1) ရောဂါပိုး တွေ့ရှိကြောင်း စစ်ဆေးအတည်ပြုနိုင်ခဲ့သည်။ ထိုလူနာများအား သက်ဆိုင်ရာကျေးရွာတွင်ပင် သီးခြားခွဲခြားထားရှိပြီး ကုသမှုခံယူစေလျက်ရှိကာ လူနာများနှင့် အနီးကပ် ထိတွေ့မှုရှိသူများကို သီးခြားထားစေ၍ ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် လူနာလေးဦး၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိကြောင်း သတင်းရရှိသည်။

ပူးပေါင်းဆောင်ရွက်နိုင်

ပြည်သူလူထုအတွင်း ရောဂါကူးစက်မှု မရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၏ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်ရေး သတိပေးနှိုးဆော်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ကြရန်နှင့် ကာကွယ် နှိမ်နင်းရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၄ မှ

ထို့နောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက နည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းရေးအတွက် နည်းပညာကောလိပ်များ ဖွင့်လှစ်ပေးခြင်း၊ ဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခု၌ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များ ဖွင့်လှစ်မွေးထုတ်ပေးလျက်ရှိသည့် အခြေအနေ၊ တီးတိန်မြို့၌ အစိုးရစက်မှုလက်မှု အထက်တန်းကျောင်း ဖွင့်လှစ်ပေးမည့် အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်သွယ်ပြောဆိုနိုင်

ယင်းနောက် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ယခင်က တယ်လီဖုန်းဆက်သွယ်ရေးမှာ အကန့်အသတ်များ ရှိခဲ့သော်လည်း ယခုအခါ ကျေးလက်များ အပါအဝင် နယ်စပ်ဒေသများအထိ ဆက်သွယ်ပြောဆိုနိုင်သည့် ဆက်သွယ်ရေးကွန်ရက်စီစဉ်ပေးထားမှု၊ တယ်လီဖုန်း အသုံးပြုလိုသူတိုင်း အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု၊ ဈေးနှုန်းသက်သာစွာဖြင့် တယ်လီဖုန်း အသုံးပြုနိုင်ရေး နည်းလမ်း ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ချင်းပြည်နယ်အတွင်းရှိ အဓိကလမ်းမကြီး (၅)သွယ်ဖြစ်သည့် ကလေး-ဖလမ်း-ဟားခါးလမ်း ၁၂၄မိုင်၊ ဂန့်ဂေါ-ဟားခါးလမ်း ၈၆မိုင်၊ မင်းတပ်-မတူပီ-ရေဇွာ-ဟားခါးလမ်း ၁၇၃မိုင် ၃ဖာလုံ၊ သိုင်းငင်း-တီးတိန်-ရိဒ်ခေါဒါရ်လမ်း ၅၇မိုင် ၁ဖာလုံ၊ တီးတိန်-တွန်းဇံ-ကျီခါးလမ်း မိုင်၈၀တို့ကို ရာသီမရွေးသွားလာနိုင်သော လမ်းများအဖြစ် ဆောင်ရွက်သွားမည့်အခြေအနေ၊ ပြည်နယ်အတွင်းရှိ အခြားလမ်းများကိုလည်းပြုပြင်ဆောင်ရွက်သွားမည့် အခြေအနေနှင့် နိုင်ငံတစ်ဝန်းလုံးတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရရှိနိုင်သောနေရာများ၌ လျှပ်စစ်ဓာတ်အားရရှိရေး ကြိုးပမ်းဆောင်ရွက်ပေးနေမှုအခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

အကျိုးဖြစ်ထွန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်အစိုးရအနေဖြင့် ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးကို ပြည်နယ်အတွင်းသာမက အခြားဒေသများသို့ပါ သွားလာနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်းကြောင့် ဒေသတစ်ခုနှင့် တစ်ခု လွယ်ကူစွာ သွားလာနိုင်သည်နှင့် အမျှ လူမှုရေး၊ စီးပွားရေးကဏ္ဍများတွင် ပိုမိုအကျိုးဖြစ်ထွန်းမှုများ ရရှိနေသည်ကို တွေ့ကြရမည် ဖြစ်ကြောင်း။

ချင်းပြည်နယ်တွင် တောင်ယာစပါးစိုက်ပျိုးခြင်းကိုသာအားထားနေသဖြင့် ဝမ်းစာဖူလုံမှုမရှိခဲ့ကြောင်း၊ ဝမ်းစာဖူလုံမှု ရှိစေရန်အတွက် တောင်ယာစပါး စိုက်ပျိုးခြင်းအစား လှေကားထစ် လယ်ယာစိုက်ပျိုးရေးကို ပြောင်းလဲဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ဖက်ကို အဓိကထား စိုက်ပျိုးပြီး အခြားသင့်လျော်သည့် နှစ်ရှည်သီးနှံပင်များကိုပါ စိုက်ပျိုးသွားကြရမှာဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဖွံ့ဖြိုးရေးဒေသ(၂၄)ခု စီမံကိန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရနှင့်အတူ ဦးထမ်းပွဲထမ်း ပါဝင်ဆောင်ရွက်ရေး၊ တည်ဆောက်ပေးထားပြီးဖြစ်သည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ရေး၊ လူမှုစီးပွားဘဝ တိုးတက်ရေးအတွက် လူတိုင်း အလုပ်ကို ဝီရိယထား ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအတွက် အဝတ်အထည်များ၊ ဆေးဝါးပစ္စည်းများ၊ ကျောင်းဝတ်စုံများ၊ စာအုပ်များနှင့် အားကစားပစ္စည်းများကို တာဝန်ရှိသူများထံ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာ သင်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအုပ်ကြီး ဒေါ်အေးမေနှင့် ဆရာဆရာမများ၊ သင်တန်းသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တီးတိန်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ချင်းပြည်နယ် ရိဒ်ခေါဒါရ်မြို့နယ်ရှိ ရိဒ်ရေကန်ကို ဝေဟင်မှ တွေ့ရစဉ်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၌ ဖွင့်လှစ်သင်ကြားလျက်ရှိသော အခြေခံစက်ချုပ်သင်တန်း၊ အဆင့်မြင့် စက်ချုပ်သင်တန်း၊ သိုးမွေးစက်ဆွဲသင်တန်းနှင့် ကြိမ်လက်မှုသင်တန်းတို့တွင် တက်ရောက်ပညာသင်ကြားနေကြသည့် သင်တန်းသူများ၏ လက်တွေ့ ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် သင်တန်းသူများ ချုပ်လုပ်ထားသည့် အဝတ်အထည်များ၊ သိုးမွေးထည်များနှင့် ကြိမ်ထည်ပစ္စည်းများကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က တီဗွီနှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ကြီးထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက သင်တန်းကျောင်းအတွက် အလှူငွေများကို ကျောင်းအုပ်ကြီးထံ ပေးအပ်သည်။

ဂါရဝပြု

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအုပ်ကြီးဦးဘူလိန်းနှင့် ဆရာ ဆရာမများက ကြိုဆိုကြပြီး ကျောင်းသား ကျောင်းသူများက (၃၈)ဖြာမင်္ဂလာ၊ ဒို့တာဝန်အရေး(၃)ပါး၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် သားသမီးကျင့်ဝတ်တို့ကို သံပြိုင်ရွတ်ဆို၍ ဂါရဝပြုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းခန်းမသို့ ရောက်ရှိကြပြီး ကျောင်းသား ကျောင်းသူများ၏ ပြည်ထောင်စုအတွက် ထာဝစဉ် သီချင်းဖြင့် ရွတ်ဆိုဂါရဝပြုမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် သင်တန်းကျောင်းအတွက် တီဗွီနှင့် ကွန်ပျူတာတစ်စုံကို ကျောင်းအုပ်ကြီးထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက သင်တန်းကျောင်းအတွက် အလှူငွေများကိုလည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးက ကျောင်းသား ကျောင်းသူများအတွက် စာအုပ်များနှင့် ကျောင်းဝတ်စုံတို့ကိုလည်းကောင်း၊ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က စားသောက်ဖွယ်ရာနှင့် အသုံးအဆောင်ပစ္စည်းများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ကြီးက လက်ခံသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တီးတိန်မြို့မှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ကျီခါးမြို့သို့ နံနက် ၉နာရီ ၅၅မိနစ်တွင် ရောက်ရှိကြပြီး နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီး ဟန်ဝင်းအောင်နှင့် ဌာနဆိုင်ရာများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကျီခါးမြို့မှ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအခြေအနေများကို မေးမြန်းကြသည်။

ဆွေးနွေးမှာကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျီခါးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးခန်းမ၌ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအတွက် အဝတ်အထည်နှင့် ဆေးဝါးများ၊ ကျောင်းဝတ်စုံနှင့် စာအုပ်များ၊ အားကစားပစ္စည်းများကို တာဝန်ရှိသူများထံ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျီခါးမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ နံနက် ၁၁နာရီခွဲတွင် တမူးခရိုင် တမူးမြို့သို့ ရောက်ရှိကြပြီး တမူးခရိုင်ဥက္ကဋ္ဌ ဦးကောင်းစံဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား တမူးမြို့ နယ်စပ်ကုန်သွယ်ရေးစခန်းရုံး၌ နယ်စပ် ကုန်သွယ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ရှိန်နှင့် ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ ဦးလှမောင်တို့က တမူး နယ်စပ်ကုန်သွယ်ရေးစခန်း၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ကုန်သွယ်မှုလျာထားချက်အပေါ် ဆောင်ရွက်နိုင်မှု အခြေအနေနှင့် အခွန်အရပ်ရပ် ကောက်ခံရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

မြင့်မားလာ

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က တမူး နယ်စပ်ကုန်သွယ်ရေးစခန်း ပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်မှုပမာဏ မြင့်မားလာရေးတို့အတွက် လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

ထို့နောက် တမူးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံရာ တမူးခရိုင်ဥက္ကဋ္ဌ ဦးကောင်းစံဦးက ခရိုင်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများအတွက် အဝတ်အထည်များ၊ ဆေးဝါးပစ္စည်းများ၊ ကျောင်းဝတ်စုံနှင့် စာအုပ်များကို ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တမူးမြို့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကိုလည်းကောင်း၊ နန်းဖာလုံဈေး၌ ဈေးရောင်းဈေးဝယ် စည်ပင်နေမှုကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ရာဇဂြိုဟ်ရေလှောင်တမံ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တမူးမြို့မှ ရဟတ်ယာဉ်များဖြင့်ထွက်ခွာခဲ့ကြပြီး စစ်ကိုင်းတိုင်း ကလေးမြို့နယ် ရာဇဂြိုဟ်ကျေးရွာအနီး၌ တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသည့် ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိကြရာ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးကြည်နိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

စစ်ကိုင်းတိုင်း ကလေးမြို့နယ် ရာဇဂြိုဟ်ကျေးရွာအနီး၌ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည့် ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းကို ဝေဟင်မှ တွေ့ရစဉ်။ (သတင်းစဉ်)

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်း၏ တည်နေရာ၊ ရေစိမ့်တားနံရံ တည်ဆောက်ပြီးစီးမှု၊ ပင်မတမံနှင့် ကုန်းကြောတမံများ တည်ဆောက်မှုနှင့် ပြီးစီးမှု၊ ရေပိုလွှဲ တည်ဆောက်မှု၊ စက်ယန္တရားများ အသုံးပြုမှု၊ ရေအားလျှပ်စစ် အဆောက်အအုံ တည်ဆောက်မှုနှင့် ဆည်ရေသောက်စနစ်တို့ကို ရှင်းလင်းတင်ပြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးတို့က ဖြည့်စွက်တင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ လုပ်ငန်းများသတ်မှတ်ချိန်အမီ ပြီးစီးရေး မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စီမံကိန်းရှင်းလင်းဆောင်အနီးရှိ ရှုရပ်မှနေ၍ ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်း ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်း လုပ်ငန်းခွင်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ကလေးမြို့သို့ ရောက်ရှိကြသည်။

ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းသည် စစ်ကိုင်းတိုင်း ကလေးမြို့နယ် ရာဇဂြိုဟ်ကျေးရွာ မြောက်ဘက် ၂မိုင်အကွာ နေရှူရာချောင်းပေါ်၌ တည်ရှိပြီး ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဧကပေ ၅၂၀၀၀ရှိမည်ဖြစ်သည်။

တမံအမျိုးအစားမှာ မြေသားတမံဖြစ်ပြီး အမြင့် ၁၆၅ပေ၊ အလျား ပေ ၁၃၆၈၀၊ ပင်မတမံ ၄၇၄၅ပေ၊ ကုန်းကြောတမံ သုံးခုမှာ ၈၉၄၅ပေ၊ ရေသောက်စနစ်အနေဖြင့် တူးမြောင်းမကြီး ၉မိုင်၊ လက်တံ

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

● *ကျောဖုံးမှ*

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဟားခါးမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ချင်းပြည်နယ် ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဘင်ခရာနှင့်ပန်းဖွားအကအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မင်္ဂလာအချိန်တွင် ချင်းပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်း၊ ကျန်းမာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်နှင့် ဟားခါးမြို့ ပြည်နယ်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာမင်းနိုင်တို့က ခုတင်(၂၀၀)ဆံ့ပင်မလူနာဆောင်သစ် အဆောက်အအုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ် ပေးကြသည်။

ဖွင့်လှစ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ပြည်နယ်ပြည်သူ့ဆေးရုံကြီးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဖျားနာလူနာဆောင်၊ ကလေးလူနာဆောင်နှင့် ခွဲစိတ်လူနာဆောင်တို့၌ တက်ရောက်ဆေးဝါးကုသမှုခံယူနေကြသည့် လူနာများအား ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

ပေးအပ်

ထို့နောက်ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ဝန်ကြီးများနှင့် ချင်းပြည်နယ် ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်း တို့ကလည်း ဆေးဝါးကုသမှုခံယူနေကြသည့်လူနာများအား စားသောက်ဖွယ်ရာများကိုပေးအပ်ကြသည်။

ယခုဖွင့်လှစ်သည့် ခုတင် (၂၀၀) ဆံ့ ပင်မလူနာဆောင်သစ်သည် သံကူကွန်ကရစ် သုံးထပ်ဆောင်ဖြစ်ပြီး အလျား ပေ ၂၀၀၊ အနံ ပေ၆၀ နှင့် အမြင့် ၃၄ပေရှိ အဆောက်အအုံဖြစ်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဟားခါးမြို့ မြို့တော်ခန်းမသို့ ရောက်ရှိကြပြီး ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအားတွေ့ဆုံသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်အား ချင်းပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းက ချင်းပြည်နယ်၏ အကျယ်အဝန်းနှင့် မြေအသုံးချမှု၊ မိုးရွာသွန်းမှု၊ မိုးစပါး စိုက်ပျိုးမှုနှင့် ထွက်ရှိမှု၊ ဒေသဆန်ဖူလုံမှု၊ နှစ်အလိုက် လက်ဖက်စိုက်ပျိုးမှုနှင့် စိုက်ပျိုးပြီးစီးမှု၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာများနှင့် လူတစ်ဦးချင်းဝင်ငွေ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်ဌေးဦးက စပါးစိုက်ပျိုးထုတ်လုပ်မှုအတွက် စိုက်ပျိုးမြေများ တိုးချဲ့ဆောင်ရွက်ရေးနှင့် ဒေသနှင့်သင့်လျော်သည့် စပါးမျိုးများစိုက်ပျိုးရေး၊ သွင်းအားစုများပြည့်မီစွာ အသုံးချရေးနှင့် ကြွက်ဖျက်ဆီးမှုနှင့် စပ်လျဉ်း၍ ကာကွယ်ရေး ဆောင်ရွက်ထားရှိမှု အစီအမံများကို အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးဦးသောင်းက နိုင်ငံတော်အတွက် လိုအပ်သည့်အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်ရေးအတွက် နည်းပညာတက္ကသိုလ်နှင့် ကောလိပ်များ ဖွင့်လှစ်သင်ကြားပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်က ချင်းပြည်နယ်အပါအဝင် နိုင်ငံတစ်ဝန်းလုံးတွင် တယ်လီဖုန်းဆက်သွယ်ရေး ကွန်ရက်စနစ်များ ဆောင်ရွက်ပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့ အဖွဲ့သည် ချင်းပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးရန်လာရောက်ခြင်းဖြစ်ကြောင်း။

ချင်းပြည်နယ်သည် အိန္ဒိယနိုင်ငံနှင့် ထိစပ်လျက်ရှိသဖြင့် နယ်စပ်လုံခြုံရေးနှင့် ကူးသန်းရောင်းဝယ်ရေးတွင် အဓိကကျ၍ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရန် အထူးလိုအပ်ကြောင်း။

တိုးတက်ဖြစ်ထွန်း

ချင်းပြည်နယ်၏ တည်ငြိမ်အေးချမ်းမှုနှင့်အတူ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့်စီးပွားရေးတို့ ဖွံ့ဖြိုးတိုးတက်အောင် စီမံပေးခဲ့မှုကြောင့် တိုးတက်ဖြစ်ထွန်းမှုများကို လက်တွေ့ ခံစားနိုင်ကြပြီဖြစ်ကြောင်း။

တောင်ယာစပါး စိုက်ပျိုးခြင်းသည် သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေသည်သာမက ပင်ပန်းကြီးစွာ လုပ်ကိုင်ရပြီး အကျိုးရရှိမှုမှာလည်းနည်းပါးကြောင်း၊ ကုန်းမြင့်လယ်ယာသည် တောင်ယာစပါး စိုက်ပျိုးခြင်းထက် အကျိုးအမြတ်ရရှိနိုင်ပြီး သားစဉ် မြေးဆက်ပါအကျိုးခံစားနိုင်သည့်အတွက် ကုန်းမြင့်လယ်ယာကို ဆောင်ရွက်ရန်လိုကြောင်း။

ပူးပေါင်းဆောင်ရွက်

ကုန်းမြင့် လယ်ယာများအတွက် နိုင်ငံတော်ကပံ့ပိုးပေးမည့် အစီအမံများနှင့် ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရမည်ဖြစ်ကြောင်းတို့ကို အသေးစိတ်ရှင်းလင်းပြောကြားပြီး နိုင်ငံတော်က တည်ဆောက်ပေးထားသည့် အခြေခံအဆောက်အအုံများကို ထိန်းသိမ်းစောင့်ရှောက်သွားကြရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့်အတူ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအတွက် အဝတ်အထည်များနှင့် ဆေးဝါးများ၊ ကျောင်းဝတ်စုံ၊ ဗလာစာအုပ်နှင့် အားကစားပစ္စည်းများကို တာဝန်ရှိသူများထံ ပေးအပ်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအုပ်ကြီး ဒေါ်ထန်းထုန်နှင့် ဆရာ ဆရာမများ၊ ကျောင်းသူလေးများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အခြေခံစက်ချုပ်သင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်း၊ သိုးမွေးစက်ဆွဲသင်တန်းနှင့် ကနုကမာကျောက်စီပန်းချီသင်တန်းများတွင် တက်ရောက်သင်ကြားနေကြသော သင်တန်းသူများ လက်တွေ့ပညာသင်ကြားနေမှု၊ သင်တန်းသူများ ချုပ်ထားသော အဝတ်အထည်များ၊ သိုးမွေးထည်များ၊ ကနုကမာကျောက်စီပန်းချီကားများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ထောက်ပံ့ငွေများကို ကျောင်းအုပ်ကြီးထံ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဟားခါးမြို့၏ စည်ပင်သာယာ ဖွံ့ဖြိုးတိုးတက်မှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)

ဟားခါးမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီး ခုတင်(၂၀၀)ဆံ့ ပင်မလူနာဆောင်သစ် အဆောက်အအုံဖွင့်ပွဲ အခမ်းအနားကျင်းပစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၁၁ မှ

မြောင်းများ ၈ဒသမ ၂၅မိုင်၊ တူးမြောင်းအဆောက်အအုံ ၈၀နှင့် ဆည်ရေပေးဝေနိုင်မည့် ဧရိယာမှာ ဧက ၆၅၀၀ဖြစ်သည်။

ရေအားလျှပ်စစ် တပ်ဆင်အင်အား ၄မဂ္ဂါဝပ်ဖြစ်ပြီး နှစ်စဉ်ပျမ်းမျှ ထုတ်လုပ်နိုင်မည့် လျှပ်စစ်စွမ်းအားမှာ ကီလိုဝပ်နာရီသန်းပေါင်း ၂၁သန်းဖြစ်ကြောင်း သိရှိရသည်။

တွေ့ဆုံ

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ယနေ့ နံနက်၇ နာရီ ၂၅မိနစ်တွင် ကလေးမြို့ နယ်မြေခံ တပ်ခန်းမ၌ မြို့မိမြို့ဖများ၊ ကလေးခရိုင်၊ တမူးခရိုင်၊ မော်လိုက်ခရိုင်၊ ခန္တီးခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်အား ကလေးခရိုင်ဥက္ကဋ္ဌ ဦးကြည်ဝင်းက ကလေးမြို့၏ တည်နေရာ၊ အကျယ်အဝန်းနှင့် မြေအသုံးချမှု၊ မိုးစပါး၊နွေစပါး စိုက်ပျိုး ထွက်ရှိမှုနှင့် ဒေသဝမ်းစာဖူလုံမှု၊ ဆီထွက် သီးနှံစိုက်ပျိုးမှု၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အခြေအနေနှင့်လူတစ်ဦးချင်း တစ်နှစ်ပျမ်းမျှဝင်ငွေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ကလေးဒေသသည် ဒေသဝမ်းစာဖူလုံမှုရှိပြီးဖြစ်သော်လည်း ယခုထက် စပါးအထွက် ပိုမိုတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် အခြေအနေ၊ နေကြာ တိုးချဲ့စိုက်ပျိုးခြင်းဖြင့် ဆီဖူလုံမှုကို အထောက်အကူဖြစ်နိုင်မည့် အနေအထား၊ တည်ဆောက်လျက်ရှိသော ရာဇဂြိုဟ် ရေလှောင်တမံစီမံကိန်း ပြီးစီးပါက စိုက်ပျိုးရေပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ကျယ်ကျယ်ပြန့်ပြန့်အသုံးပြု

ယင်းနောက် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က တယ်လီဖုန်း ဆက်သွယ်ရေးကဏ္ဍ၏ နိုင်ငံအနှံ့ ဖြန့်ကြက် ဆောင်ရွက်ထားရှိမှု၊ IT ကဏ္ဍကို ကျေးလက်များပါ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရန်စီစဉ်ထားရှိမှု၊ ချင်းတွင်း မြစ်ကြောင်း ဆက်သွယ်မှုရရှိရေး ဆောင်ရွက်ထားရှိမှု၊ ကလေးမြို့တွင် CDMA-450 တယ်လီဖုန်းများ အသုံးပြုနိုင်ရန် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံထူထောင်ရာတွင် အတတ်ပညာနည်းပညာရှင်များ လိုအပ်သဖြင့် ဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခု၌ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာ တက္ကသိုလ်များ ဖွင့်လှစ်ပေးခြင်းအပြင် နည်းပညာကောလိပ်၊ စက်မှုလက်မှုသိပ္ပံ၊ အစိုးရ စက်မှုလက်မှုအထက်တန်းကျောင်းများ ဖွင့်လှစ်ပြီး မွေးထုတ်ပေးနေသည့်အခြေအနေ၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်များတွင် နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများဖြင့် သင်ကြားပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရန် ပြည်ထောင်စုလမ်းမကြီးများ၊ ပြည်နယ်၊ တိုင်း ဆက်သွယ်သည့်လမ်းများ၊ မဟာဗျူဟာလမ်းများကို စီမံကိန်းများ ချမှတ်ဖောက်လုပ်ထားရှိမှု၊ အဆိုပါ လမ်းများကို ရာသီမရွေးအသုံးပြုနိုင်ရန် ပြုပြင်ထိန်းသိမ်းရေးစီမံထားရှိမှု၊ မဏိပူ ရေအားလျှပ်စစ်စီမံကိန်း ပြီးစီးသွားပါက ကလေးမြို့အပါအဝင် စစ်ကိုင်းတိုင်း မြောက်ပိုင်းနှင့် ချင်းပြည်နယ်ရှိ မြို့များပါ လျှပ်စစ်မီးရရှိသုံးစွဲနိုင်မည့် အခြေအနေ၊ ဒေသအလိုက် လျှပ်စစ်မီးအသုံးပြုနိုင်ရေးအတွက် နည်းလမ်းများ ရှာဖွေဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ပူးပေါင်းဆောင်ရွက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် စစ်ကိုင်းတိုင်းသည် တည်ငြိမ်အေးချမ်းမှု ရှိပြီးဖြစ်သော်လည်း ပြည်သူများ အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် တရားဥပဒေ စိုးမိုးရေးကို အုပ်ချုပ်ရေး တာဝန်ယူထားသူများနှင့် ဆက်စပ်တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

နိုင်ငံတော်က စစ်ကိုင်းတိုင်း အပါအဝင် နယ်မြေဒေသများ ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံကျသည့် လမ်းပန်းဆက်သွယ်ရေးကို ဆောင်ရွက်ပေးခဲ့၍ နယ်မြေဒေသများသို့ လွယ်ကူစွာ ကူးသန်းသွားလာနိုင်ကြပြီ ဖြစ်ကြောင်း။

အဆိုပါလမ်း၊ တံတားများ အစဉ်အမြဲကောင်းမွန်ရေးကို တာဝန်ရှိသူများနှင့်အတူ ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန်လိုကြောင်း၊ စစ်ကိုင်းတိုင်း၏ စပါးစိုက်ပျိုးထွက်ရှိမှုသည် ဒေသဝမ်းစာ ဖူလုံပြီဖြစ်သော်လည်း ပြည်တွင်းသာမက ပြည်ပသို့ပါ တင်ပို့နိုင်သည်အထိ ရည်မှန်းချက်ထား စိုက်ပျိုးသွားရန်၊ ပဲစျေးကွက်သည် ပြည်တွင်းပြည်ပစျေးကွက် ရှိပြီးဖြစ်၍ စီးပွားရေးတွက်ခြေကိုက်သည့် မတ်ပဲ အပါအဝင် အခြားပဲမျိုးစုံကို တိုးချဲ့စိုက်ပျိုးရန်၊ အခြေခံပညာ သင်ယူနိုင်ရန် ကျေးရွာတိုင်းနီးပါး အခြေခံပညာကျောင်းများ ဖွင့်လှစ်ပေးထားသည်သာမက အဆင့်မြင့်ပညာကို မိမိတို့ဒေသများမှာပင် သင်ယူနိုင်ရေးကိုပါ နိုင်ငံတော်ကစီစဉ်ပေးထားပြီးဖြစ်၍ ကလေးများ ပညာသင်ကြားရေးကို မိဘများက အားပေးဆောင်ရွက်ရန်ဖြစ်ကြောင်း။

သင်ကြားပေး

အဆင့်မြင့်ပညာအဆင့်တွင် သင်ယူမည့် ကလေးများ ထူးချွန်ထက်မြက်ရေးအတွက် မူလတန်းအဆင့်ကပင် အခြေခံကောင်းအောင်၊ တော်အောင် သင်ကြားပေးကြရန် ဖြစ်ကြောင်း။

နိုင်ငံတော်ကပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုအတွက် ဒေသအလိုက် အခြေခံလိုအပ်ချက်ဖြစ်သော ဆေးရုံနှင့် ဆေးခန်းများ ဖွင့်လှစ်ပေးခြင်း၊ အဆင့်မြှင့်တင်ပေးခြင်း၊ ဆရာဝန် ဆရာမနှင့် ဝန်ထမ်းများ ဖြည့်ဆည်းပေးခြင်း၊ ကျန်းမာရေးဝန်ထမ်းများ အရည်အသွေးပြည့်ဝရေးအတွက် ပြည်တွင်းပြည်ပ သင်တန်းများ စေလွှတ်သင်ကြားစေခြင်း တို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

သို့ဖြစ်၍ ကျန်းမာရေးဝန်ထမ်းများသည် ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များနှင့်အညီ ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားရေးကို အလေးထားအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများအတွက် အဝတ်အထည်များ၊ ဆေးဝါးပစ္စည်းများ၊ ကျောင်းဝတ်စုံနှင့် စာအုပ်များကို တာဝန်ရှိသူများထံ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် ကလေးမြို့မှ ပြန်လည်ထွက်ခွာခဲ့ကြရာ နံနက် ၉နာရီ မိနစ် ၅၀တွင် နေပြည်တော်သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ချင်းပြည်နယ် ဖလမ်းမြို့ကို ဝေဟင်မှ တွေ့ရစဉ်။ (သတင်းစဉ်)

ပစ္စည်းများသယ်ပို့ရန် ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း မှန်စက်ရုံ (စီမံကိန်း) (ကျောက်ဆည်)အတွက် ပေ ၂၀ကွန်တိန်နာအလုံး ၃၀ နှင့် ပေ ၄၀ ကွန်တိန်နာသုံးလုံး စုစုပေါင်းတန်ချိန်(၆၆၄ဒသမ၄၄၉)တန်ခန့် ပစ္စည်းများအား ရန်ကုန်ဆိပ်ကမ်းမှ မှန်စက်ရုံ(စီမံကိန်း)(ကျောက်ဆည်)သို့ သယ်ပို့ပေးရန် ချိပ်ပိတ်တင်ဒါများ ခေါ်ယူလိုပါသည်။

(က) တင်ဒါခေါ်ရက် - ၅-၂-၂၀၁၀ရက်
(ခ) တင်ဒါပိတ်ရက် - ၈-၂-၂၀၁၀ရက်

၂။ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ရောင်းဝယ်ရေးဌာန ရုံးအမှတ်(၄၁) နေပြည်တော်တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းပြီး တင်ဒါများလာရောက် ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံ တရားဝင်ဝယ်ယူထားသူများထံမှ တင်ဒါကိုသာ လက်ခံပါမည်။

(အသေးစိတ်သိလိုပါက စုံစမ်းရန် တယ်လီဖုန်းအမှတ်-၀၆၇-၄၀၈၂၉၈)

မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း။

ရှေးဟောင်း အဆင်တန်ဆာနှင့် လက်ဝတ်ရတနာများ ပုံစံတူ ပြုလုပ်ခြင်းလုပ်ငန်း ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ အမျိုးသားပြတိုက်တွင် ပြသထားရှိသော ခေတ်အဆက်ဆက်ရှေးဟောင်းအဆင်တန်ဆာနှင့် လက်ဝတ်ရတနာများ ပုံစံတူပြုလုပ်ခြင်း လုပ်ငန်းဆောင်ရွက်ရန် ချိပ်ပိတ်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ အသေးစိတ်စည်းကမ်းများနှင့် ချိပ်ပိတ်တင်ဒါပုံစံများကို အမျိုးသားပြတိုက်၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ တယ်လီဖုန်း အမှတ် ၃၇၁၅၄၀၊ ၃၇၈၆၅၂ တွင် တစ်စုံလျှင် ၅၀၀၀ိ/-(ကျပ်ငါးထောင်တိတိ)နှုန်းဖြင့် ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

၃။ ချိပ်ပိတ်တင်ဒါများကို ၁၅-၂-၂၀၁၀ရက်(တနင်္လာနေ့) ညနေ ၁၆း၀၀နာရီ နောက်ဆုံးထား၍ အမျိုးသားပြတိုက် ချိပ်ပိတ်တင်ဒါပုံးအတွင်း ထည့်သွင်းရန် ဖြစ်ပါသည်။

တင်ဒါရွေးချယ်ရေးအဖွဲ့။

မင်္ဂလာဦးဆုတောင်း

မောင်အေးသိန်း B.A(Eco;) Director Asia Commerce Co.,Ltd. နှင့် မမေသူဆန်းညွန့်(ခ) မမွှေးမွှေး B.Sc.(Maths;), A.G.T.I(E.P) တို့၏ ၅-၂-၂၀၁၀ရက် မင်္ဂလာဦးရက်မြတ်မှ နှစ်တစ်ရာတိုင်အောင် ကျန်းမာ၊ ချမ်းသာ ပျော်ရွှင်စွာ ရွှေလက်တွဲခိုင်မြဲပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် -

Board of Directors
Lucky Choice Co.,Ltd.
(Tip Top Lubricants) ။

ကျေးဇူးအထူးတင်လွှာ

၁၃၇၁ခုနှစ် တပို့တွဲလဆန်း ၉ရက် ၂၃-၁-၂၀၁၀ရက်(စနေနေ့)တွင် ဧရာဝတီတိုင်း၊ လပွတ္တာမြို့နယ်၊ မန်ကျည်းပင်ကျေးရွာ၊ အထက်တန်းကျောင်း(ခွဲ)တွင် ကျင်းပပြုလုပ်သော ပထမအကြိမ် မြတ်ဆရာပူဇော်ကန်တော့ပွဲအခမ်းအနားသို့ ကန်တော့ခံကြွရောက်လာကြသော ဆရာကြီး၊ ဆရာမကြီးအပေါင်းတို့သည် ခရီးဝေးလံသော အရပ်ဒေသများမှလာရောက်ရခြင်း၊ ကျန်းမာရေးမကောင်းခြင်း၊ အသက်အရွယ်ကြီးရင့်ခြင်းစသည့် အခက်အခဲများရှိသော်လည်း တပည့်ဟောင်းများရှိသော မန်ကျည်းပင်ရွာ (ခွဲ)အထကကျောင်းသို့ ကြွရောက်လာကြခြင်း၊ တပည့်များအား ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေးများအား သွန်သင်ဆုံးမ ဩဝါဒပေးခဲ့ခြင်း၊ ခင်မင်ရင်းနှီးစွာ ဆက်ဆံပြောဆိုခြင်းများ ပြုလုပ်ပေးခဲ့ကြသော ဆရာကြီး ဆရာမကြီးများနှင့် မိသားစုအပေါင်းတို့သည် ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ ထာဝရပျော်ရွှင်မှုအပေါင်းကို ရရှိနိုင်ကြပါစေ၊ ပထမအကြိမ်မှသည် အကြိမ်ပေါင်းများစွာသော မြတ်ဆရာပူဇော်ကန်တော့ပွဲများတွင်လည်း အတူတကွ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ပြန်လည်ဆုံတွေ့နိုင်ကြပါစေဟု ဆုတောင်းမေတ္တာပို့သ၍ ဂါရဝပြု မေတ္တာပို့သအပ်ပါသည်။

ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲသို့ တက်ရောက်လာကြသော
ကျောင်းသား ကျောင်းသူဟောင်းများ
(ခွဲ)အထကကျောင်း၊ မန်ကျည်းပင်ရွာ။

မင်္ဂလာဆုတောင်း

မောင်ကျော်ကျော် (ကျော်ကျော်-စက်မှုတက္ကသိုလ်)နှင့် မဆွေဇင်ဖြူဝင်း(မြဝတီရပ်မြင်တေးသံရှင်)တို့၏ ၂၇-၁၂-၂၀၀၉ ရက်တွင် ရန်ကုန်မြို့ **IBC** မင်္ဂလာခန်းမ၌ ကျင်းပပြီးစီးခဲ့သော မင်္ဂလာရက်မြတ်မှသည် နှစ်ပေါင်းများစွာတိုင် မင်္ဂလာအပေါင်းအစဉ်ခညောင်း၍ ကောင်းကျိုးလိုရာဆန္ဒများ ပြည့်ဝနိုင်ပါစေ-

မန္တလေးမှ အစ်ကို အစ်မများ။

အမည်ပြောင်း

အဖ ဦးအောင်ထက်၏ သမီး အထက(၂) ကမာရွတ် Grade-3(c) မှ မစုဝတီခင်အား မခင်ဝတီဟု ပြောင်းလဲခေါ်ပါရန်။

မခင်ဝတီ။

အမည်ဖြည့်စွက် ခေါ်ပါရန်

နေပြည်တော် ဇမ္ဗူသီရိမြို့နေ အဖ ဦးသီဟ၏သမီး မစောယုနွယ် ၁၄/မမက(နိုင်)၁၈၅၁၀၄ အား မမြတ်မွန်မွန်ခင်ဟုဖြည့်စွက်ခေါ်ပေးပါရန်။

မစောယုနွယ်(ခ)မမြတ်မွန်မွန်ခင်။

မင်္ဂလာဦးဆုတောင်း

မောင်အေးသိန်း B.A(Eco;)Director Asia Commerce Co.,Ltd နှင့် မမေသူဆန်းညွန့်(ခ) မမွှေးမွှေး B.Sc.(Maths;), A.G.T.I(E.P) တို့၏ ၅-၂-၂၀၁၀ရက် မင်္ဂလာဦးရက်မြတ်မှ နှစ်တစ်ရာတိုင်အောင် ကျန်းမာ၊ ချမ်းသာ ပျော်ရွှင်စွာ ရွှေလက်တွဲခိုင်မြဲပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် -

Lucky Choice Co.,Ltd.
(Tip Top Lubricants)
ဝန်ထမ်းမောင်နှမများ
(ရန်ကုန်ရုံးချုပ်၊ မန္တလေးရုံး)။

ဖေဖော်ဝါရီ ၅ ရက်က ရန်ကုန်မြို့ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆေးရုံကြီးသို့ ငွေကျပ် ခုနစ်သိန်းငါးသောင်း တန်ဖိုးရှိ ရေသန့်စက်၊ စတီးလ်ရေတိုင်ကီနှင့် ဆက်စပ်ပစ္စည်း တစ်စုံကို ဗိုလ်ကြီးနေလင်းအောင် တစ်နှစ်ပြည့်အား ရည်စူး၍ မင်္ဂလာဒုံမြို့နယ်နေ ဦးလှညွန့်-ဒေါ်အေးအေးသိန်း(ရွှေအားမာန် ပလတ်စတစ်လုပ်ငန်း) မိသားစုက ဆေးရုံခန်းမ၌ ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီးဒေါက်တာစိုင်းလူနှင့် ပါမောက္ခ/ဌာနမှူး ဒေါက်တာဦးသိန်းထွန်းတို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (၁၂၃)

သမီးအဖြစ်မှ အပြီးအပိုင်အမွေပြတ် စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သမီးဖြစ်သူ မမီမီကျော် ၁၀/မလမ(နိုင်)၁၄၁၀၈၄ သည် ခွင့်မလွှတ်နိုင်သောအပြုအမူများပြုလုပ်၍ ၂-၂-၂၀၁၀ ရက်တွင် နေအိမ်မှ မိမိဆန္ဒအလျောက်ဆင်းသွားပါသဖြင့် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမျှ လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်းနှင့် သမီးအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

ဖခင်-ဦးကျော်သန်း၊ မိခင်-ဒေါ်မြင့်။

မင်္ဂလာဦးဆုတောင်း

မောင်အေးသိန်း B.A(Eco:) Director Asia Commerce Co., Ltd. နှင့် မမေသူဆန်းညွန့် (ခ) မမွှေးမွှေး B.Sc.(Maths;), A.G.T.I(E.P) တို့၏ ၅-၂-၂၀၁၀ရက် မင်္ဂလာဦးရက်မြတ်မှ အသက်ထက်ဆုံး ငြိမ်းချမ်းပျော်ရွှင်သောနေ့ရက်များကို ပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်-

ကိုရဲ-မဝေ။

အာဆီယံစွမ်းအင်ဆိုင်ရာ ဗဟိုဌာန အုပ်ချုပ်မှုကောင်စီ အစည်းအဝေးနှင့် စွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အထူးအစည်းအဝေး ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၅

(၁၂)ကြိမ်မြောက် အာဆီယံစွမ်းအင်ဆိုင်ရာ ဗဟိုဌာန အုပ်ချုပ်မှုကောင်စီ အစည်းအဝေးကို ဖေဖော်ဝါရီ ၂ရက်တွင်လည်းကောင်း၊ အာဆီယံစွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အထူးအစည်းအဝေးကို ဖေဖော်ဝါရီ ၃ရက်နှင့် ၄ရက်တို့တွင်လည်းကောင်း မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် နေပြည်တော်ရှိ အမရာဟိုတယ်၌ လက်ခံကျင်းပခဲ့သည်။

(၁၂)ကြိမ်မြောက် အာဆီယံစွမ်းအင်ဆိုင်ရာ ဗဟိုဌာနအုပ်ချုပ်မှုကောင်စီ အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံစွမ်းအင်ဆိုင်ရာ ဗဟိုဌာနတို့မှ တာဝန်ရှိသူများ၊စွမ်းအင်ဝန်ကြီးဌာန စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ရှေးဦးစွာ (၁၁)ကြိမ်မြောက် အာဆီယံစွမ်းအင်ဆိုင်ရာ ဗဟိုဌာန အုပ်ချုပ်မှုကောင်စီ အစည်းအဝေး၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည့် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနမှ စွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိ ကိုယ်စား ညွှန်ကြားရေးမှူး Mr. Vichai Assavar-ittiprom ကလည်းကောင်း၊ (၁၂)ကြိမ်မြောက် အာဆီယံစွမ်းအင်ဆိုင်ရာ ဗဟိုဌာန အုပ်ချုပ်မှုကောင်စီအစည်းအဝေး၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည့် စွမ်းအင်ဝန်ကြီးဌာန စွမ်းအင်စီမံရေးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်ကလည်းကောင်း အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် ကိုယ်စားလှယ်များနှင့် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အတည်ပြု

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ အာဆီယံဒေသတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်အသုံးချရေးကဏ္ဍ၊ အာဆီယံ ကျောက်မီးသွေးကဏ္ဍ၊ စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေးနှင့် ခြိုးခြံချွေတာရေးကဏ္ဍ၊ ဒေသတွင်း စွမ်းအင်ဆိုင်ရာ မူဝါဒနှင့်စီမံကိန်းများ ချမှတ်ရေးကဏ္ဍတို့တွင် စွမ်းအင်ဆိုင်ရာ စီမံကိန်းများဆောင်ရွက်မှု အခြေအနေများကို အဖွဲ့ဝင်နိုင်ငံများအတွင်းနှင့် အခြားဆွေးနွေးဖက် နိုင်ငံများနှင့် ပူးပေါင်း၍ လုပ်ဆောင်မှုများကို လည်းကောင်း၊ အရှေ့အာရှနိုင်ငံများ စွမ်းအင်ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအဖွဲ့၏ ဆောင်ရွက်မှုများကိုလည်းကောင်း၊ ၂၀၁၀ ခုနှစ်အတွက် အာဆီယံစွမ်းအင်ဆိုင်ရာ ဆုတံဆိပ်ချီးမြှင့်ရေး ကိစ္စရပ်များကိုလည်းကောင်း၊ အာဆီယံစွမ်းအင်ဆိုင်ရာ ဗဟိုဌာန၏ ငွေကြေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း တက်ရောက်လာကြသူများက ဆွေးနွေးညှိနှိုင်းကြပြီး (၁၃)ကြိမ်မြောက် စွမ်းအင်ဆိုင်ရာဗဟိုဌာန အုပ်ချုပ်မှုကောင်စီ အစည်းအဝေးကို ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် အတည်ပြုကြသည်။

တက်ရောက်

အာဆီယံစွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အထူးအစည်းအဝေးကို ဖေဖော်ဝါရီ ၃ရက်နှင့် ၄ရက်တို့တွင် ဆက်လက်ကျင်းပရာ အာဆီယံစွမ်းအင်ဆိုင်ရာဗဟိုဌာန၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံရေနံကောင်စီ၊ လျှပ်စစ်ဓာတ်အားအသုံးချရေး အာဏာပိုင်အဖွဲ့၊ စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲရေးနှင့် ခြိုးခြံချွေတာရေးကဏ္ဍ၊ ဒေသတွင်းစွမ်းအင်ဆိုင်ရာ မူဝါဒနှင့် စီမံကိန်းများချမှတ်ရေး ကဏ္ဍခွဲကွန်ရက်တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ စွမ်းအင်ဝန်ကြီးဌာန စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အာဆီယံစွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အထူးအစည်းအဝေး ပထမနေ့တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ စွမ်းအင်ဆိုင်ရာအဆင့်မြင့် အရာရှိကြီးများ၏ ဥက္ကဋ္ဌ စွမ်းအင်ဝန်ကြီးဌာန စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်က အဖွင့်အမှာစကား ပြောကြားပြီး အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

ဆွေးနွေးညှိနှိုင်း

အစည်းအဝေးတွင် (၁၂)ကြိမ်မြောက် အာဆီယံစွမ်းအင်ဆိုင်ရာ ဗဟိုဌာန အုပ်ချုပ်မှုကောင်စီအစည်းအဝေးမှ ဆွေးနွေးဆုံးဖြတ်ချက်များကိုလည်းကောင်း၊ စွမ်းအင်ဆိုင်ရာ ကဏ္ဍခွဲအသီးသီးတို့မှ တာဝန်ရှိသူများက မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး ဗီယက်နမ်နိုင်ငံ၌ ကျင်းပသည့် (၂၈)ကြိမ်မြောက် အာဆီယံစွမ်းအင်ဆိုင်ရာ ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးတွင် တင်ပြမည့် ကိစ္စရပ်များကိုလည်း ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ဝိုင်းဝန်းဆွေးနွေး

အစည်းအဝေး ဒုတိယနေ့တွင် အစည်းအဝေးအစီအစဉ်အရ အာဆီယံ-ရုရှား စွမ်းအင်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ရုရှားစွမ်းအင်ကိုယ်စားလှယ်အဖွဲ့က အာဆီယံ-ရုရှား ပူးပေါင်းဆောင်ရွက်လိုသည့် စွမ်းအင်ဆိုင်ရာလုပ်ငန်းများကိုတင်ပြရာ အစည်းအဝေးတက်ရောက်လာကြသည့် အာဆီယံအဖွဲ့ဝင် နိုင်ငံကိုယ်စားလှယ်များက ဝိုင်းဝန်း ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို နံရံကပ်စာစောင်ပြပွဲနှင့် ဟောပြောပွဲ ရွှေပြည်သာ၌ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၅

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်၊ ဓာတ်ပုံ၊ နံရံကပ်စာစောင်ပြပွဲနှင့် ဟောပြောပွဲကို ရွှေပြည်သာမြို့နယ် အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်း၌ ဖေဖော်ဝါရီ ၄ရက် နံနက် ၁၁နာရီက ကျင်းပသည်။

အခမ်းအနားတွင် ရွှေပြည်သာမြို့နယ် အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခိုင်ခိုင်သန်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်အုံးညွန့်က ပြည်ထောင်စုစိတ်ဓာတ်နှင့် အမျိုးသားရေးတာဝန်ခေါင်းစဉ်ဖြင့် ဟောပြောသည်။ **(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)**

ပြည်ထောင်စုဖွား သွေးချင်းများ
တားဆီးကာကွယ် မီးရန်စွယ်

ယင်းမာပင်မြို့နယ်၌ ဖြိုးဝေစာကြည့်တိုက်ဆောက်လုပ်ရန် ပန္နက်တင်

ယင်းမာပင် ဇန်နဝါရီ ၃၀

မုံရွာခရိုင် ယင်းမာပင်မြို့နယ် ပြန်လှည့်ကျေးရွာ ဖြိုးဝေစာကြည့်တိုက် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၂၃ရက် နံနက် ၁၀နာရီက အဆိုပါစာကြည့်တိုက်ပိုင် မြေနေရာ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဌေးဝင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စိုးစိုးဝင်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးကျော်ဆန်းဝင်းတို့က ပန္နက်ရိုက်ပေးကြပြီး**(အပေါ်ပုံ)** အမွေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးဌေးဝင်းက စာကြည့်တိုက်ဆောက်လုပ်ရေး ကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ စာကြည့်တိုက်ဆောက်လုပ်ရာတွင် သတ်မှတ်အရည်အသွေး ပြည့်မီရေးနှင့် အချိန်မီပြီးစီးရေးတို့ကို ဆွေးနွေးမှာကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်စိုးစိုးဝင်းက သတ်မှတ်စံ(၅)ချက်နှင့် ပြည့်စုံသည့် စာကြည့်တိုက်ဖြစ်လာရေးအတွက် စာငှားကတ်စနစ် ကျင့်သုံးရေးတို့ကို ရှင်းလင်းဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဒိုက်ဦးမြို့နယ် ကဒုတ် အထက(ခွဲ) အာစရိယပူဇော်ပွဲ ကျင်းပမည်

ပဲခူး ဖေဖော်ဝါရီ ၂

ပဲခူးခရိုင် ဒိုက်ဦးမြို့နယ် ကဒုတ်ကျေးရွာ အထက(ခွဲ)၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် (သောကြာနေ့) (ပြည်ထောင်စုနေ့) နံနက် ၁၀နာရီတွင် ကဒုတ်အထက(ခွဲ) ကျောင်းခန်းမ၌ကျင်းပမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှကျောင်းသားကျောင်းသူဟောင်းများပူဇော်ပွဲသို့ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ဆက်သွယ်လှူဒါန်းလိုကြသော ကျောင်းသား ကျောင်းသူဟောင်းများသည် ဦးကျော်ဇော ကဒုတ်ဘုရားကြီး ဖုန်း-၀၉-၈၆၅၀၇၅၆၊ ဦးချိုသက် ကဒုတ်ဘုရားကြီး ဖုန်း-၀၉-၅၃၀၀၃၁၃၊ ဦးမင်းသိန်း ကဒုတ်ဘုရားကြီး ဖုန်း-၀၉-၆၃၁၂၁၂၅၊ ဦးအောင်ကျော်မင်း ပဲခူး ဖုန်း-၀၉-၅၃၀၀၁၅၀ နှင့် ဦးဌေးလွင် ရန်ကုန် ဖုန်း-၀၉- ၅၁၀၅၇၅၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြသည်။

(၀၆၀)

စာဆိုတော်နေ့အခမ်းအနား အင်းစိန်၌ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၅

အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ စာဆိုတော်နေ့နှင့် စာပေဟောပြောပွဲ အခမ်းအနားကို ဖော့ကန်ရပ်ကွက် မင်္ဂလာလမ်း၌ ဖေဖော်ဝါရီ ၂ရက်က ကျင်းပရာ အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဘဏ္ဍာရေးမှူးဒေါ်မြင့်မြင့်သိန်း(တက္ကသိုလ်မြမဥ္ဇူ)ကဆောင်ရွက်ပြီး မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဆွေက အဖွင့်အမှာစကားပြောကြားသည်။

ဖတ်ကြား

ထို့နောက်မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးဘုန်းဝေ (ဒါရိုက်တာဘုန်းဝေ)က စာဆိုတော်နေ့ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ၏ စာဆိုတော်နေ့ သဝဏ်လွှာကို မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးအောင်မြင့်သောင်း (အောင်မြင့်သောင်း-ဘူမိဗေဒ)က ဖတ်ကြားသည်။

ဆက်လက်၍ မန္တလေးမြို့ ဝတ္ထုတိုပြိုင်ပွဲ ပထမဆုရသန္တာအောင်၊ အထူးဆုရ မောင်မောင်ကြီး (လှိုင်နယ်မြေ) တို့ကို ဂုဏ်ပြုဆုနှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး **(အပေါ်ပုံ)** စာရေးဆရာများဖြစ်ကြသော ဆရာမောင်စိန်ဝင်း(ပုတီးကုန်း)၊ ဆရာလယ်တွင်းသားစောချစ်နှင့် ဆရာသန်လျင်မောင်မောင်ဦးတို့က စာပေရေးရာများ ဟောပြောကြသည်။ **(စာပေနှင့်စာနယ်ဇင်း)**

သီပေါစာပေနှင့်စာနယ်ဇင်း မျက်နှာစုံညီစည်းဝေး

သီပေါ ဇန်နဝါရီ ၂၀

သီပေါမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ နှစ်ပတ်လည်မျက်နှာစုံညီအစည်းအဝေးကို ဒီဇင်ဘာ ၁၈ရက် မွန်းလွဲ ၁နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံးခန်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်၊ ဒုတိယဦးစီးမှူး ဦးစိုင်းစိန်လင်း၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အတည်ပြု

အစီအစဉ်အရ မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်က အမှာစကားပြောကြားပြီး မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့က အမှုဆောင်အစီရင်ခံစာကိုဖတ်ကြားတင်သွင်း၍ အတည်ပြုကြသည်။ ထို့နောက် ဥက္ကဋ္ဌ ဦးလှမောင်လတ်(သီပေါကိုလတ်)၊ အတွင်းရေးမှူး ဦးအုန်းမောင်လေး(မောင်ရည်ရွယ်သီပေါ)၊ ဘဏ္ဍာရေးမှူးဒေါ်နန်းခင်မြင့်ဌေး (ငုပန်းခိုင်ပညာရေး)တို့ပါဝင်သော အမှုဆောင်အဖွဲ့နှင့် စာပေညီလာခံ ကိုယ်စားလှယ်အဖြစ် ဦးလှမောင်လတ် (သီပေါကိုလတ်)အား ရွေးချယ်ကြသည်။ **(စာပေနှင့်စာနယ်ဇင်း)**

ကယားပြည်နယ် လွိုင်ကော်ခရိုင် ရှားတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ခွင့်ပြုငွေဖြင့် ဆောင်ရွက်သော မြို့တွင်းကတ္တရာလမ်း ပေ ၁၄၅၀ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းပြီးစီးမှုကို မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းနှင့် တာဝန်ရှိသူများက ဇန်နဝါရီ ၂၉ရက်တွင် ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်စိုးဦး ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် ပြန်/ဆက်)

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ထမနဲပွဲတော်ကို ဇန်နဝါရီ ၂၇ရက်က ပုသိမ်မြို့ တိုင်းအားကစားကွင်း(၁)၌ကျင်းပရာ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ တက္ကသိုလ်၊ ကောလိပ်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာ၊ ရပ်ကွက်များ အပါအဝင် အဖွဲ့ပေါင်း၃၀က မြန်မာ့ရိုးရာထမနဲပွဲ ယှဉ်ပြိုင်ထိုးကြပြီး ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးအေးကျော်က တတိယဆုရရှိသော ဧရာဝတီတိုင်း ပို့ဆောင်ရေးနှင့်စီမံကိန်းဦးစီးဌာန အဖွဲ့ခေါင်းဆောင် ဦးစိုးကြိုင်အား ဆုချီးမြှင့်စဉ်။ (၁၅၇)

စာကြည့်တိုက်များ စံ(၅)ချက်နှင့်ပြည့်စုံရေး တာမွေ ပြန်/ဆက် ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၅

တာမွေမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးနှင့် စံ(၅)ချက်နှင့်ပြည့်စုံသော စာကြည့်တိုက်များ ဖြစ်ပေါ်စေရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဒေါ်မြင့်အေး ဦးဆောင်သောအဖွဲ့ ဇန်နဝါရီ၁၃ရက်က ပုဏ္ဏားကုန်းရပ်ကွက် အလင်းတန်းစာကြည့်တိုက်၌ ကွင်းဆင်းဆောင်ရွက်သည်။

အခမ်းအနားတွင် ရပ်ကွက်စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးတင်ထွန်းက စာကြည့်တိုက်ဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်မြင့်အေးက စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် စံ(၅)ချက်နှင့်အညီ ဆောင်ရွက်ရေး၊ စာအုပ်စာစောင်နှင့် ငွေပဒေသာပင် တိုးပွားရေးအတွက် စာငှားကတ်စနစ်ကျင့်သုံးရေးနှင့် စာအုပ်စာစောင်များ စနစ်တကျ မှတ်ပုံတင်ထိန်းသိမ်းရေးတို့ကို ဆွေးနွေးဟောပြောပြီး စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။

(မြို့နယ် ပြန်/ဆက်)

၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် ဝက်ထီးကန်- အလိုတော်ရ ကျေးရွာချင်း ဆက်လမ်း ဆောင်ရွက်ပြီးစီးမှုကို ဒီဇင်ဘာ၂၉ရက်က ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ကျေးလက်တစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

ဇန်နဝါရီ ၅ရက်က ရေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မြသီတာဈေးတွင် ဈေးဝန်ထမ်းများ၊ ဈေးသူဈေးသားများနှင့် ဈေးသာယာရေးကော်မတီတို့အား မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောခြင်း၊ မီးသတ်ဆေးဘူး၊ ဂုန်နီအိတ်တို့ဖြင့် လက်တွေ့ မီးငြိမ်းသတ်ခြင်း၊ မီးသတ်ယာဉ်ဖြင့် လက်တွေ့သရုပ်ပြလေ့ကျင့်မှုများပြုလုပ်ရာ အမှုဆောင်အရာရှိ ဦးအောင်ထွဋ်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ရဲမင်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ် ပြန်/ဆက်)

နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်တွင် အရှည်ပေ ၈၅၀၊ အကျယ် ၁၂ပေရှိ မြို့တွင်း စန္ဒာလမ်းအား ကျောက်ချောလမ်းခင်း ဆောင်ရွက်ထားမှုကို ဇန်နဝါရီ ၆ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းရွှေ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောမြင့်ထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာဦးညွန့်ရွှေတို့က ရှင်းလင်းတင်ပြကြစဉ်။ (၁၂၃)

မီးသတိမူရေးနှင့် ပညာပေးဟောပြောပွဲ ကလေးမြို့၌ ကျင်းပ

ကလေး ဇန်နဝါရီ ၁၇

ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ ကြီးကြပ်မှုဖြင့် ကလေးမြို့နယ် မီးသတ်ဦးစီးဌာန၏ မီးငြိမ်းသတ်ရေး လက်တွေ့လေ့ကျင့်ခြင်းကို ဒီဇင်ဘာ ၁၇ရက် မွန်းတည့် ၁၂နာရီက မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း စက်သုံးဆီအရောင်းဆိုင် အမှတ်(၀၆၉၁) ခိုင်ကမ်းကျေးရွာ၌ကျင်းပရာ မီးသတ်ဦးစီးအရာရှိ ဦးဌေးဝေနှင့် စက်သုံးဆီအရောင်းဆိုင် မန်နေဂျာဦးခင်မောင်ထွန်းတို့က ကြီးကြပ်ဆောင်ရွက်ကြသည်။

ပညာပေးဟောပြော

အဆိုပါ မီးငြိမ်းသတ် လက်တွေ့ပြသမှုတွင် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် စက်သုံးဆီအရောင်းဆိုင်တို့မှ ဝန်ထမ်းများက မီးငြိမ်းသတ်မှု သရုပ်ပြခြင်း၊ လက်တွေ့မီးငြိမ်းသတ်ခြင်းနှင့် မီးသတိမူရေး ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းများ ပြုလုပ်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

မြန်မာ့အလင်း

(၆၃) နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို

❖ ပင်လုံညီလာခံ၊ အမျိုးသားညီလာခံနှင့် ပြည်ထောင်စုမော်ကွန်း

လေ့လာသူတစ်ဦး၏ ဆောင်းပါး
စာ - ၈၊ ၉၊ ၁၀

❖ တည်ငြိမ်အေးချမ်းမှုနှင့်အတူ တပ်မတော်အစိုးရလက်ထက်တွင် ဘက်စုံဖွံ့ဖြိုးတိုးတက်လာသော ကန္ဒရဝတီ ငွေတောင်ပြည်

မောင်ချစ်ဖေ၏
သတင်းဆောင်းပါး စာ - ၆၊ ၇

❖ ပြည်ထောင်စု ဒို့တိုင်းပြည်

ဇော်မင်းမင်းဦး၏ ကဗျာ စာ - ၉

❖ ဝံသာနုရက္ခိတစိတ်ဓာတ်

လင်းမြတ်၏ ကာတွန်း စာ - ၉

နိုင်ငံတော်က တည်ဆောက်ပေးထားသည့် အခြေခံအဆောက်အအုံများ ထိန်းသိမ်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက် ကုန်းမြင့်လယ်ယာသည် သားစဉ်မြေးဆက်ပါ အကျိုးခံစားနိုင်၍ ဆောင်ရွက်ရန်လို

နေပြည်တော် ဖေဖော်ဝါရီ ၅

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဖေဖော်ဝါရီ ၂ ရက် နံနက် ၇နာရီတွင် ကျင်းပသည့် ဟားခါးမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီး ခုတင်(၂၀၀)ဆံ့ ပင်မလူနာဆောင်သစ် အဆောက်အအုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ပြီး ပြည်နယ်ပြည်သူ့ဆေးရုံကြီးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ●

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဟားခါးမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း သဲတစ်ပွင့်၏ ဆောင်းပါး စာမျက်နှာ ၅ တွင် ဖတ်ရှုနိုင်ပါသည်။